ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday, 5 January 2025 ၁၁၆၉၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးသဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင် ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီမဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး၊ ကောင်စီအတွင်းရေးမှူး နှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့် ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင် ယဉ်ကျေးမှု၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး သက်ထွန်းအောင်အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဇနီး ဒေါ်လှယဉ်မင်းက လက်ခံစဉ်။

ယနေ့ ဖတ်စရာ

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ — စာမျက်နှာ » ၁၀

လူ့အခွင့်အရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များ ဆက်လက်လုပ်ဆောင်သွားမည်ဟု ယုံကြည် — စာမျက်နှာ » ၁၈

တနင်္သာရီတိုင်းဒေသကြီးမှ လူငယ်များအတွက် အသိပညာဖွံ့ဖြိုးတိုးတက်စေရန် ဟောပြောပွဲအတွေ့အကြုံ — ဆောင်းပါး စာမျက်နှာ » ၁၉

ကြေးမုံ

# ပြည်သူအားလုံးစည်းလုံးညီညွတ်မှုဖြင့် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော မြန်မာ တိုင်းရင်းသားများသည် အရေးကြီးသည့်အခါ သွေးနီးပြီး အရေးကြုံသည့်အခါ သွေးဆုံကာ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တစ်သွေးတည်း၊ တစ်သားတည်း တစ်အူထုံ့ဆင်း ဆွေမျိုးရင်းချာစိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူခဲ့ကြသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေး ကြိုးပမ်းမှုတွင်အရင်းခံဖြစ်သကဲ့သို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။

မျက်မှောက် ကမ္ဘာ့ရေးရာအခြေအနေမှာ လွန်စွာနက်နဲရှုပ်ထွေးလာသောကြောင့် နိုင်ငံသူ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုဖြင့်သာ ရင်ဆိုင်နိုင်မည်ဖြစ်သည်။ "နွားကွဲလျှင် ကျားဆွဲ" စကားပုံကဲ့သို့ပင် ပြည်ထောင်စုသားမိသားစုများ ညီညွတ်မှုမရှိလျှင် အင်အားကြီးနိုင်ငံကြီးများ၏ နှောင့်ယှက်ဗိုလ်ကျ စွက်ဖက်မှုများနှင့်ကြုံရမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရပ်ရွာပြည်သူလူထုကို အကြောက်တရားများ ကိန်းအောင်းစေရန် အနိုင်ကျင့်ဗိုလ်ကျမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်စီးစေရန် အဖျက်အမှောင့်လုပ်ရပ်များသည် နိုင်ငံတော်ကိုအင်အားချည့်နဲ့စေပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအား ထိပါးစေနိုင်သည်ကိုသတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သမိုင်းကြောင်းရှည်လျားစွာ ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်နိုင်ရန်၊ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးခဲ့သည်။ တပ်မတော်အနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲခြင်းကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖြစ်သည့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ရန် ဖိတ်ခေါ်ကမ်းလှမ်းမှုများကိုလည်း အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။

သို့သော် NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO)အချို့သည် NCA ပါ ကတိကဝတ်များကို လိုက်နာမှုမရှိဘဲ ချိုးဖောက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများနှင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများသည် နိုင်ငံရေးအရ အမြင်မတူမှုများကို အခြေခံသကဲ့သို့ တသီးတခြား ရပ်တည်လိုစိတ်နှင့် အတ္တအကျိုးစီးပွားများကို ရှေ့တန်းတင်ခဲ့သောကြောင့် ပေါ်ပေါက်နေခြင်းဖြစ်သည်။ နယ်မြေဒေသအသီးသီးတွင် လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်သုဉ်းကာ ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။ အကြမ်းဖက်မှုများ၏နောက်ကွယ်တွင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့်ပံ့ပိုးထောက်ပံ့မှုများ ပါဝင်ပတ်သက်နေသည်ကို နိုင်ငံသားတိုင်း သတိချပ်သင့်သည်။

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့်အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် နိုင်ငံတော်အစိုးရက ကမ်းလှမ်းဖိတ်ခေါ်လျက်ရှိပြီး လက်နက်ကိုင် အကြမ်းဖက်တောင်းဆိုမှုများအပေါ် လိုက်လျောဖြေရှင်းပေးသွားမည်မဟုတ်ကြောင်းကိုလည်း အတိအလင်းကြေညာထားပြီးဖြစ်သည်။ တပ်မတော်သည် ပြည်သူလူထုအတွင်းမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်သည်။ တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရပ်တည်မှုသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံသားများအားလုံး မြန်မာစိတ်မွေးပြီး "ငါတို့အားလုံးသည် မြန်မာ"ဟူသောစိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သော အမျိုးသားစိတ်ဓာတ်ဖြင့် နိုင်ငံတော်အေးချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည်ဖော်ကြရန် သန္နိဋ္ဌာန်ချဆောင်ရွက်ကြရမည်ဖြစ်သည်။

ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေးများရင်းနှီးပေးဆပ်ခဲ့သော မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေသော တရားသောစစ်အောင်မြင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်စွာ ဝန်းရံပေးကြရန် လိုအပ်သည်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို အခက်အခဲအကျပ်အတည်းများကြုံတွေ့ရပါက ရပ်တန့်နေ၍မရဘဲ ရှေ့သို့ဆက်လက်တက်လှမ်း ချီတက်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးသည် ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သောကြောင့် နိုင်ငံသူနိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက် ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း။ ။




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရေနံချောင်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အေးအေးသန့်ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတွင် ဖွင့်လှစ်မည့် ပဉ္စမအကြိမ်မြောက် "မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း" သို့ တက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သင်တန်းသားများ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၄

အိန္ဒိယနိုင်ငံ မတ်ဒရာပရာဒက်ရှ်ပြည်နယ် ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေး အကယ်ဒမီ (National Judicial Academy–NJA) တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်မည့် ပဉ္စမအကြိမ်မြောက် "မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း" တက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သင်တန်းသား ၄၀ သည် ယနေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားကြကြောင်း သိရသည်။

**သတင်းစဉ်**

### ၄ - ၁ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၃၃၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၄

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၄

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

»»» ရှေ့ဖုံးမှ

ကိုယ်ပိုင်ဓလေ့ထုံးတမ်း အစဉ်အလာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ပြည်ထောင်စုကြီး၏ အရိပ်အာဝါသအောက်၌ စည်းလုံးညီညွတ်စွာ အတူတကွ စုပေါင်းနေထိုင်ခဲ့ကြကြောင်း၊ သမိုင်းတစ်လျှောက် ကုန်းဘောင်ခေတ်အထိ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာနှင့် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့ကြကြောင်း။

သို့သော် ကိုလိုနီစနစ်ဆိုးကြောင့် သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်များတွင် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲမှုနှင့် မတရားကျူးကျော်သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာကိုပါ ဆုံးရှုံးခဲ့ရကြောင်း။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တန်ဖိုးထားမြတ်နိုးကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးက မဆုတ်မနစ်သည့် ဖွဲ၊ လုံ့လ၊ ရဲစွမ်းသတ္တိ၊ မျိုးချစ်စိတ်ဓာတ် အပြည့်ဖြင့် တပ်မတော်နှင့်အတူ လက်တွဲပြီး နယ်ချဲ့ကိုလိုနီများကို နှစ်ပေါင်းများစွာ တိုက်ပွဲဝင်တွန်းလှန်ခဲ့ကြကြောင်း၊ စုစည်းညီညွတ်မှု စွမ်းအားကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေး သက်တမ်းသည် (၇၇)နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ကိုလိုနီနယ်ချဲ့တို့၏အမွေဆိုးနှင့် ပြည်တွင်းပြည်ပ ပယောဂများကြောင့် ပဋိပက္ခများနှင့်အတူ မိမိတို့နိုင်ငံသည် ယနေ့ကာလအထိ တည်ငြိမ်အေးချမ်းမှု အားနည်းနေဆဲ ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့၏ဘိုးဘေးအစဉ်အဆက် အသက်သွေးချွေး ရင်းနှီးပေးဆပ်ပြီး လက်ဆင့်ကမ်းခဲ့သည့် လွတ်လပ်ရေးအမွေကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် တာဝန်သည် မိမိတို့အားလုံးအတွက် သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏ လွတ်လပ်ရေး အစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရုံ သာမကဘဲ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၏ မျှော်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးကို လည်း အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ဝဏ္ဏလှိုင်အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဗိုလ်မှူးကြီး ကျော်ဇေယျ(ကိုယ်စား) လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးမျိုးကိုကိုထွန်းအတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဒုတိယဗိုလ်မှူးကြီး အောင်ဇော်ဝင်းက(ကိုယ်စား) လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးအောင်ဆန်းဦးအတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဇနီး ဒေါ်ဝင့်သီရိဖြိုးက လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

»»» **စာမျက်နှာ ၃ မှ**

တိုးတက်မြင့်မားရေးကို ရှေးရှုပြီး **"လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေ စိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"** ဆိုသည့်အချက် အပါအဝင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ထားကြောင်း၊ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး"** အပါအဝင် ဦးတည်ချက် (၉)ရပ်ကိုလည်း နိုင်ငံတော်တာဝန် ထမ်းဆောင်ချိန်ကစပြီးတစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ကိုလည်း ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ချီးမြှင့်အပ်နှင်း**

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံး၏ အင်အားသည် အဓိကကျပြီး အားလုံး ပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး တတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ထူးကဲစွာဆောင်ရွက်သူ၊ ကိုယ်ကျိုးမဖက် နိုင်ငံ့အတွက် စွန့်လွှတ်စွန့်စား အကျိုးဆောင်သူများကို နိုင်ငံတော်၏ လွတ်လပ်ရေးနေ့နှင့် အခြားနေ့ထူးနေ့မြတ် အခါသမယများတွင် ထိုက်တန်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို

## ☆ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး တတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ထူးကဲစွာဆောင်ရွက်သူ၊ ကိုယ်ကျိုးမဖက် နိုင်ငံ့အတွက် စွန့်လွှတ်စွန့်စား အကျိုးဆောင်သူများကို နိုင်ငံတော်၏ လွတ်လပ်ရေးနေ့နှင့် အခြားနေ့ထူးနေ့မြတ် အခါသမယများတွင် ထိုက်တန်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိ

တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေး မူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့် အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များအပေါ်တွင် လေးစားတန်ဖိုးထားသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နှစ်စဉ်ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်လျက်ရှိကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့်အပ်နှင်းရေး ဆိုင်ရာလုပ်ငန်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့် ထောက်ခံတင်ပြချက်များအပေါ်တွင် စနစ်တကျစိစစ်ရွေးချယ်ပြီး အမှန်တကယ်ဂုဏ်ပြုချီးမြှင့် ထိုက်သူများကိုသာ ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်သဖြင့် ဘွဲ့ခံပုဂ္ဂိုလ်များနှင့် မိသားစုဝင်များအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ကျင်းပသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့နှင့် အမျိုးသားအောင်ပွဲနေ့များတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်သည့် စည်သူဘွဲ့ နှစ်ဦး၊ သူရဘွဲ့ ကိုးဦး၊ သီရိပျံချီဘွဲ့ ငါးဦး၊ ဇေယျကျော်ထင်ဘွဲ့ သုံးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၉၆ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ငါးဦး၊ သိပ္ပကျော်စွာဘွဲ့ နှစ်ဦး စုစုပေါင်း ၁၂၂ ဦးကို သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နေ့ထူးနေ့မြတ် အခါသမယများတွင် မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက

**စာမျက်နှာ ၅ သို့** »»»

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

»»» စာမျက်နှာ ၄ မှ

ကျင့်သုံးခဲ့ကြသည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည့် အပြင် နိုင်ငံတော်အတွက် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့သူများကို နိုင်ငံတော်က ကျေးဇူးတုံ့ပြန်ခြင်းဖြစ်သဖြင့် ကျက်သရေမင်္ဂလာနှင့်ပြည့်စုံညီညွတ်ကြောင်းလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်၊ အမျိုးသားရေးရည်မှန်းချက် (၂)ရပ် စသည့် လုပ်ငန်းစဉ်များသည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလွန်ကျယ်ပြန့်နက်ရှိုင်းကြောင်း၊ ဥပမာအားဖြင့် တိုင်းပြည်သာယာဝပြောရေး လုပ်ငန်းစဉ်များထဲတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ပြည်သူများကိုယ်စိတ်နှလုံးအေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး စသည့်အချက်များစွာ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဦးတည်ချက်၊ လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်တိုင်းတွင် ကဏ္ဍအလိုက် အသေးစိတ်ဖော်ဆောင်ရမည့် လုပ်ငန်းတာဝန်များ များစွာရှိနေကြောင်း။

ထို့ကြောင့် အဆိုပါလုပ်ငန်းစဉ်အားလုံး အချိန်တိုအတွင်းတွင် ထိရောက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့် အတူ တက်တက်ကြွကြွ ပူးပေါင်း ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အတွက် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူများကို နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ပေးရခြင်းကို ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍လည်း ဂုဏ်ပြုသင့်သူများကို မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့ ရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ရရှိသူ တစ်ဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ ရှစ်ဦး၊ စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ ဖြစ်ကြသည့် သီရိပျံချီဘွဲ့ရရှိသူ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ သုံးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၇၈ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ သုံးဦးနှင့်သိပ္ပကျော်စွာဘွဲ့ရရှိသူ နှစ်ဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဘွဲ့ ရရှိသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်း ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်အေးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု

**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေ ထမ်းဆောင်ကြရမည့် မွေးရာပါသမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သမိုင်းပေးတာဝန်များကို ထမ်းဆောင်ရာတွင် **"ရဲသော်မသေ သေသော်ငရဲမလား"** ဟူသည့် စိတ်ဓာတ်ခံယူချက်တို့ဖြင့် မိမိတို့၏ အသက်ခန္ဓာကို စွန့်လွှတ်ပြီး တိုင်းပြည်နှင့် လူမျိုးအကျိုး သယ်ပိုးခဲ့ကြသည့် နိုင်ငံ့သားကောင်းများကို လွတ်လပ်ရေးနေ့အခါသမယရောက် တိုင်း နိုင်ငံတော်အနေဖြင့် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း။

> ❖ **နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေ ထမ်းဆောင်ကြရမည့် မွေးရာပါသမိုင်းပေးတာဝန်ပင်ဖြစ်**
>
> ❖ **လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးအတွက် နယ်ချဲ့ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ကိုလိုနီစနစ်၏ နောက်ဆက်တွဲ စိန်ခေါ်မှုမျိုးစုံကို ကြံ့ကြံ့ခံကာကွယ်ခဲ့ရ**

လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးအတွက် နယ်ချဲ့ကို ဆန့်ကျင် တိုက်ပွဲဝင်ခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ကိုလိုနီစနစ်၏ နောက်ဆက်တွဲ စိန်ခေါ်မှုမျိုးစုံကို ကြံ့ကြံ့ခံကာကွယ်ခဲ့ရကြောင်း၊ နိုင်ငံရေးအရ၊ စစ်ရေးအရ ဖန်တီးလာသည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကြားတွင် မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသမျှ တာဝန်များကို မညည်းမညူကျေပွန်အောင် **စာမျက်နှာ ၇ သို့** ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူး ဇော်ဇော်အောင်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

❂ စာမျက်နှာ ၆ မှ
ထမ်းဆောင် ခဲ့ကြကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဝါဒစွဲ ဂိုဏ်းဂဏစွဲကြောင့် ဖြစ်ပေါ်လာသည့် ထိုးနှက်တိုက်ခိုက်မှုများ ကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေး တာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့်လူမျိုးအကျိုး သယ်ပိုးခဲ့သည်မှာ သမိုင်းသက်သေရှိပြီး ဖြစ်ကြောင်း။

**ဂုဏ်ယူဖွယ်တွေ့မြင်ကြရ**

တိုင်းပြည် ကာကွယ်ရေးအတွက် စစ်မြေပြင်တွင် ရှေ့တန်းကျကျ တိုက်ပွဲဝင်နေကြရသည့်တပ်မတော်သားများကဲ့သို့ပင် တပ်မတော်သားများ၏ ပါရမီဖြည့်ဖက် ရဲမေများနှင့် မိသားစုဝင်များသည်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြီးသည့် အရန်အင်အားများပင် ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်ပီပီ သင်ကြားတတ်မြောက်ထားသည့် စစ်ပညာများဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် အသက်ကို ပဓာနမထားဘဲ တိုက်ပွဲဝင်ခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ် တွေ့မြင်ကြရကြောင်း။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးရန်ပင်ဖြစ်ကြောင်း၊ သို့မှသာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အလားတူ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍစုံကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်နယ်အရေး၊ လူမျိုးစုအရေးဟူသည့် ခေါင်းစဉ်များဖြင့် လက်တစ်ဆုပ်စာ လူတစ်စု၏ ကိုယ့်အကျိုးအတွက်ကို ရှေ့တန်းတင်နေသရွေ့ ဒေသခံပြည်သူများ၏ဘဝများပင် ထိခိုက်နစ်နာနေရဦးမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေး လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုများကို ပေးရမည်မှာ မိမိတို့တပ်မတော်၏ တာဝန်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို လက်ခံထားခြင်း မရှိသောကြောင့် မိမိတို့နိုင်ငံတွင်လည်း အမြစ်စွဲမှု မရှိအောင် တားဆီးကာကွယ်သွားကြရမည်ဖြစ်ကြောင်း။



တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံစဉ်။

ယခု အခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူ ၃၄ ဦးကို ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကျန်စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်နှင့် လက်မှတ်ရသူများကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ အများတကာလုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့်တာဝန်များကို ရင်ဆိုင်ကြုံတွေ့လာချိန်တွင် စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် စွမ်းဆောင်ခဲ့သူများပင်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် မည်သည့်အခက်အခဲကိုမျှ အမှုမထားဘဲ အသက်ခန္ဓာကို စွန့်လွှတ်နိုင်သည်အထိ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ ပြောင်မြောက်သည့် သူရသတ္တိများဖြင့် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ စစ်သားကောင်း တစ်ယောက်တွင်ရှိအပ်သည့် ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်များဖြင့် တာဝန်ထမ်းဆောင်မှုများအတွက် အထူးပင်ဂုဏ်ယူမိသကဲ့သို့ ဆုတံဆိပ်များ ချီးမြှင့်ခြင်းမခံရသော်လည်း တက်ညီလက်ညီ စွမ်းဆောင်ခဲ့ကြသူအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ တပ်မတော်စွမ်းရည်သတ္တိနှင့် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ၊ လက်မှတ်များ အပ်နှင်းခြင်း ခံကြရသူများသည် နိုင်ငံတော် ကာကွယ်ရေးတာဝန်နှင့် အခြားနိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာတွင် အမိနိုင်ငံတော်နှင့် ပြည်သူတို့အတွက် လေးနက် မွန်မြတ်သည့်ခံယူချက်ဖြင့် ကျရာတာဝန်များကို ဖွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်တာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြောင်း၊ ထိုကဲ့သို့ မှတ်တမ်းကောင်း ရေးထိုးခဲ့ကြသူများဖြစ်၍လည်း ပြည်သူ့သားကောင်း အာဇာနည်များအဖြစ် အစဉ်အသိအမှတ်ပြု လေးစားဂုဏ်ယူနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှိရင်းစွဲ ယုံကြည်ချက် ခံယူချက်ကောင်းများဖြင့် လွတ်လပ်ရေးအမွေကို နောင်မျိုးဆက်သစ်များဆီ လက်ဆင့်ကမ်းပေးနိုင်သည့် နိုင်ငံ့သားကောင်း ဇာနည်များဖြစ်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးဇာနည်ထွန်းအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူ ဗိုလ်မှူးချုပ် လေးဦး၊ ဗိုလ်မှူးကြီး နှစ်ဦး၊ ဒုတိယဗိုလ်မှူးကြီး ရှစ်ဦး၊ ဗိုလ်မှူး ကိုးဦး၊ ဗိုလ်ကြီး လေးဦး၊ အရာခံဗိုလ် တစ်ဦး၊ တပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ် သုံးဦး၊ ဒုတိယတပ်ကြပ် နှစ်ဦးတို့အား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်ခြင်း ခံရသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်ရရှိကြသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများနှင့် တာဝန်ရှိသူများက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်ရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။



**ကြိုဆိုနှုတ်ဆက်**

ဦးစွာ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုဆောင်ခန်းမ ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့် အတူညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း **စာမျက်နှာ ၉ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



**ကြည့်ရှု အားပေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး၊ အခမ်းအနားတက်ရောက် လာကြသူများ ပဒေသာကပွဲကို ကြည့်ရှုအားပေးကြစဉ်။

❖ စာမျက်နှာ ၈ မှ
ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုဆောင်ခန်းမ၌ ပြုလုပ်သည့် ပဒေသာကပွဲကို ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ တေးသံရှင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေး ပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများ၊ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သောအသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တေးသံရှင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ရုပ်ရှင်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် ရုပ်ရှင်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း (Collective Management Organization – CMO) ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ရုပ်ရှင်အနုပညာရပ်ဝန်း စတူဒီယို(၁)၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

မြန်မာနိုင်ငံ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအဖွဲ့ဝင် ဦးသန်းမောင်က စာပေအနုပညာမူပိုင်ခွင့် ဥပဒေအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြန်မာနိုင်ငံ ဂီတမူပိုင်ခွင့်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်မိုးအောင်က မြန်မာ့အနုပညာလောကအတွက် မူပိုင်ခွင့်စုပေါင်းစီမံခန့်ခွဲမှုအဖွဲ့အစည်းကဏ္ဍကို လည်းကောင်း၊ မြန်မာလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးမိုးမင်းသူက ဖန်တီးမှုလုပ်ငန်းများရှိ မူပိုင်ခွင့်စီမံခန့်ခွဲသည့် အဖွဲ့အစည်း၏ အခန်းကဏ္ဍကို လည်းကောင်း၊ မြန်မာနိုင်ငံမူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအဖွဲ့ဝင်(စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ ကျွမ်းကျင်သူ) ဒေါ်ဆွေဇင်ထိုက်က Generative AI: Deep fakes & Digital Replicas ကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**FDC**



☆ ကျောဖုံးမှ

နည်းလမ်းကျန မှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး၊ (၄) ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး၊ (၅) "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေး တို့အတွက် ခိုင်မာသည့် ခွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး ဟူသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

**နိုင်ငံတော်အလံကိုလွှင့်တင်**

ဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နံနက် ၆ နာရီတွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ၊ အခွန်အယူခံခုံရုံးအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ မိဘပြည်သူများသည် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။


ဆက်လက်၍ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း ဖတ်ကြားစဉ်။



တိုင်းရင်းသား တိုင်းရင်းသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံကို အလေးပြုကြစဉ်။

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ည ၁၀ နာရီအထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



အဆိုပါ MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲသို့ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပြည်သူများသည် ဈေးရောင်းပွဲတော်တွင် ရောင်းချလျက်ရှိသည့် ပစ္စည်းများကို တပျော်တပါး လှည့်လည်ကြည့်ရှု ဝယ်ယူအားပေးကြသည့်အပြင် တေးဂီတဖျော်ဖြေရေးမဏ္ဍပ်၌ နိုင်ငံကျော်တေးသံရှင်များ၊ DJ အဖွဲ့များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင်များ၏ မြူးကြွစွာသီဆိုဖျော်ဖြေမှုများကို ပျော်ရွှင်စွာ အားပေးကြည့်ရှုကြပြီး ညပိုင်းတွင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြသည်။

ပွဲတော်တွင် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များအပါအဝင် ဆိုင်ခန်းပေါင်း ၁၆၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ပွဲတော်အတွင်း စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကြရာ သုံးဆောင်ကြသည့် ပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်လာပြည်သူများ အဆင်ပြေစွာ သွားလာနိုင်စေရန် ယာဉ်များဖြင့် အခမဲ့အသွားအပြန် ပို့ဆောင်ပေးလျက်ရှိသည့်အတွက် လာရောက်လည်ပတ်သူများ စိတ်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပွဲတော်ကို သန့်ရှင်းသည့်၊ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရန်အတွက် လာရောက်လည်ပတ်သည့် ပြည်သူများ အမှိုက်များစနစ်တကျစွန့်ပစ်နိုင်မည့် အမှိုက်ပုံးများ စီစဉ်ထားရှိသည့်အပြင် Mobile Toilet များကိုလည်း ထားရှိဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ဇော်မင်းလတ်-MNA**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jai အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၄

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jia အား ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တရုတ်နိုင်ငံချေးငွေများနှင့် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာ အခြေအနေများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှသင်တန်းများ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေနှင့် နှစ်နိုင်ငံအကြား ခိုင်မြဲစွာတည်ရှိနေသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များအား ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်၌ ဓာတ်ဆီအရောင်းဆိုင် အမှတ်(၀၃၅၄) ဆိုင်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းသိုလှောင်ဖြန့်ဖြူးရေးဌာနအောက်ရှိ ဓာတ်ဆီအရောင်းဆိုင်များအနက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးဘေးရှိ ဓာတ်ဆီအရောင်းဆိုင်အမှတ် (၀၃၅၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆိုင်၌ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ၊ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဟန်သူ၊ ညွှန်ကြားရေးမှူးချုပ် ဦးထက်သျှန်ဖြိုးနှင့် ဦးရွှေမော်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က ဓာတ်ဆီအရောင်းဆိုင် အမှတ်(၀၃၅၄)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက်နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ဓာတ်ဆီအရောင်းဆိုင် အမှတ်(၀၃၅၄) အတွင်း သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်များကို ပြည်တွင်းထုတ်ဓာတ်ဆီ (RON-68)ရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဓာတ်ဆီအရောင်းဆိုင်အမှတ်(၀၆၁၁)နှင့် (၀၆၁၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆိုင်များ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဆိုင်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ (ဝဲပုံ) သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်များကို ပြည်တွင်းထုတ် ဓာတ်ဆီ (RON-68) ရောင်းချနေမှုကို ကြည့်ရှု အားပေးကြသည်။

အဆိုပါဆိုင်များတွင် ပြည်တွင်းထုတ်ဓာတ်ဆီ (RON-68) တစ်လီတာ ငွေကျပ် ၂၂၀၀ ဖြင့် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ နေ့စဉ် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပွဲများ ဆင်နွှဲနေမှုကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိဝန်ကြီးဌာနများ၊ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များတွင် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများကို ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့်အတူ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့် လည်းကောင်း ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေအရပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေ ပုဒ်မ ၁၉(စ) အရပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## အကျဉ်းသား/အကျဉ်းသူ ၅၈၆၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၂ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၅၈၆၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## အကျဉ်းသား/အကျဉ်းသူ ၁၄၄ ဦး ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၃ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၁၄၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၈၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၄ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၈၀ ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ **"နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ညောင်ဦးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ ၄၉ ဦးရှိ

**နေပြည်တော် ဇန်နဝါရီ ၄**

မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးအကျဉ်း ထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိ သည့် အကျဉ်းသားနှင့် အကျဉ်းသူ များမှ အမျိုးသား ၄၁ ဦးနှင့် အမျိုး သမီး ရှစ်ဦး စုစုပေါင်း ၄၉ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုပေးခဲ့ကြောင်း အဆိုပါအကျဉ်း ထောင်မှ သိရသည်။




ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုရာတွင် တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖတ်ကြားပြီး ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများကို ဆုံးမသြဝါဒ စကားပြောကြားကာ ခရီးစရိတ် နှင့် ခံစားခွင့်တို့ကို ပေးအပ်ခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

## မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ ၈၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ

**နေပြည်တော် ဇန်နဝါရီ ၄**

မြိတ် အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ် စခန်းတို့တွင် ပြစ်ဒဏ်ကျခံလျက် ရှိသည့် အကျဉ်းသား အကျဉ်းသူ များမှ အကျဉ်းသား အကျဉ်းသူ ၈၂ ဦးကို ယနေ့တွင် ပြစ်ဒဏ် လွတ်ငြိမ်းခွင့် ပြုပေးခဲ့သည်။

**ပေးအပ်**

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုရာတွင် တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်



အမိန့်ဖတ်ကြားပြီး ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများကို ဆုံးမစကား ပြောကြားကာ ထောင်လွတ် လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ် နှင့် လုပ်အားရှင်ခံစားခွင့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များ ဆက်လက်လုပ်ဆောင်သွားမည်ဟု ယုံကြည်

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက် အမှတ် (၁/၂၀၂၅)**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် (၁/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ၆ ပုံ ၁ ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ အမိန့်အမှတ် (၂/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား/ အကျဉ်းသူ ၅၈၆၄ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၃/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၁၄၄ ဦးကို ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် အမိန့်အမှတ် (၄/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၈၀ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ခြင်းတို့ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုအပ်ပါသည်။

၂။ ယခုကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်နိုင်ကြမည်ဖြစ်ပါသည်။ နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များ လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို အထောက်အကူဖြစ်စေသည့် ဆောင်ရွက်ချက်ဖြစ်သည်ဟု ရှုမြင်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများ၏ သက်ဆိုင်ရာ မိသားစုဝင်များနည်းတူ ဝမ်းမြောက်ပီတိဖြစ်ရပြီး အလားတူ အပြုသဘောဆောင်သော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၉၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား အကျဉ်းသူများမှ အကျဉ်းသား ၅၄၁ ဦး၊ အကျဉ်းသူ ၁၅၄ ဦး စုစုပေါင်း ၆၉၅ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

“ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းသာယာစေဖို့ ရည်ရွယ်ချက်နဲ့ အကျဉ်းသား အကျဉ်းသူတွေကို လွှတ်ပေးခဲ့တာဖြစ်ပါတယ်။ နောက်ပြီး လွတ်မြောက်သွားတဲ့သူတွေကို နေ့တွက်စရိတ်ပေးအပ်ပြီး လုပ်အားခရသင့်သူတွေကိုလည်း တွက်ချက်ပြီး ပေးအပ်ခဲ့ပါတယ်။ သက်ဆိုင်ရာဒေသအသီးသီးကို ပြန်တဲ့အခါမှာ အဆင်ပြေစေဖို့ ဌာနပိုင်ယာဉ်တွေနဲ့ ကားဂိတ်၊ ရထားဘူတာတွေကို ပို့ဆောင်ပေးပါတယ်။ အခုလို လွတ်မြောက်လာသူတွေအတွက် ဝမ်းသာပီတိဖြစ်မိပါတယ်” ဟု မန္တလေး ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်က ပြောသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြသူများကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းဗိုလ်တို့က ဆုံးမသြဝါဒစကားများ ပြောကြားပြီး အကျဉ်းထောင် တာဝန်ရှိသူများကလည်း ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးကြသည်။

“အခုလို လွတ်မြောက်ပြီး မိသားစုတွေနဲ့ တွေ့ဆုံခွင့်ရရှိတဲ့အတွက် အင်မတန် ဝမ်းသာမိပါတယ်။ ရှေ့ဆက်ပြီးတော့ ဥပဒေနဲ့အညီ နိုင်ငံတော်နဲ့ မိသားစုအတွက် အကျိုးရှိစေမယ့် အလုပ်တွေကို ဆောင်ရွက်သွားဖို့ စဉ်းစားထားပါတယ်။ ကျွန်တော်တို့ကို စေတနာထားပြီး လွှတ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်” ဟု ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူတစ်ဦးက ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်ငါးခုနှင့် အလုပ်စခန်းခုနစ်ခုတို့မှ အကျဉ်းသား ၈၇၇ ဦး၊ အကျဉ်းသူ ၂၆၄ ဦး စုစုပေါင်း ၁၁၄၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိကြကြောင်း သိရသည်။

**မောင်အေးချမ်း**





# အင်းစိန်အကျဉ်းထောင်မှ နိုင်ငံခြားသားနှင့် နိုင်ငံသားအကျဉ်းသား အကျဉ်းသူ ၁၀၀၉ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု

**ရန်ကုန် ဇန်နဝါရီ ၄**

ယနေ့ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့တွင် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ ၅၈၆၄ ဦးနှင့် နိုင်ငံခြားသား ၁၈၀ တို့ကို ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

**ဆုံးမသြဝါဒစကားပြောကြား**

ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား အကျဉ်းသူ ၁၀၀၉ ဦးကို ယနေ့နံနက်ပိုင်းတွင် မိုးလုံလေလုံ အားကစားရုံခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်တို့က တွေ့ဆုံ၍ ဆုံးမသြဝါဒစကား ပြောကြားကြသည်။

အင်းစိန်အကျဉ်းထောင်မှ နိုင်ငံခြားသား ကိုးဦး၊ ဘင်္ဂါလီအကျဉ်းသား ၂၀ နှင့် အကျဉ်းသူ လေးဦး၊ နိုင်ငံသား အကျဉ်းသား ၇၆၈ ဦး၊ အကျဉ်းသူ ၂၀၈ ဦး စုစုပေါင်း ၁၀၀၉ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ထိုသို့ လွတ်ငြိမ်းခွင့်ရရှိကြသည့် အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၀၀၉ ဦးတို့ကို ယနေ့ မွန်းလွဲပိုင်းမှစတင်၍ YBS ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာခရိုင်များနှင့် ဒေသများသို့ ပို့ဆောင်ပေးခဲ့ရာ လွတ်လပ်ရေးနေ့အခါသမယတွင် ပြစ်ဒဏ်များမှ လွတ်ငြိမ်းသက်သာခွင့်ရရှိသူများနှင့် လာရောက်ကြိုဆိုသူများ ဝမ်းသာပျော်ရွှင်ကြလျက်ရှိကြသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်/စခန်းအသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၃၉၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ

**နေပြည်တော် ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူများမှ အကျဉ်းသား အကျဉ်းသူ ၃၉၀ တို့သည် ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သွားသူ အကျဉ်းသား အကျဉ်းသူများအား စားစရိတ်နှင့် ခရီးစရိတ်တို့ကို တာဝန်ရှိသူများက ပေးအပ်ပြီး စနစ်တကျ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ရာ မိသားစုဝင်များက ပျော်ရွှင်စွာကြိုဆိုကြသည်။

ယနေ့တွင် ညောင်ရွှေအကျဉ်းထောင်မှ ၃၉ ဦး၊ ကျိုင်းတုံအကျဉ်းထောင်မှ ၂၅၀၊ မိုင်းဆတ် အကျဉ်းထောင်မှ ၁၇ ဦး၊ တောင်ကြီးအချုပ်ထောင်မှ ၁၄ ဦး၊ စခန်းအသီးသီးမှ ၇၀ လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■



# တနင်္သာရီတိုင်းဒေသကြီးမှ လူငယ်များအတွက် အသိပညာဖွံ့ဖြိုးတိုးတက်စေရန် ဟောပြောပွဲအတွေ့အကြုံ

ဒေါက်တာသန့်စင်(ရူပဗေဒ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် လူငယ်များအတွက် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ဝိုင်းများ၊ စာပေဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ အားကစားနှင့် မြန်မာ့ရိုးရာအနုပညာပွဲများ ပြုလုပ်ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များဦးဆောင်၍ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၏ ပါဝင်ကူညီဆောင်ရွက်ပေးမှုဖြင့် ထားဝယ်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်တို့တွင်ကျင်းပသည့် ကျောင်းသား ကျောင်းသူများနှင့် လူငယ်များအတွက် **“လူငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန် အတွက် ပညာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ”** ကို စာရေးသူ ပါဝင်တက်ရောက် ကူညီခွင့်ရရှိခဲ့ပါသည်။

**ဟောပြောပွဲများကျင်းပ**

စာရေးသူတို့အဖွဲ့တွင် လူငယ်များအတွက် အသိပညာပေးစာအုပ်များရေးသားသူ ဆရာကောင်းသန့်၊ စီးပွားရေးပညာရှင်နှင့် စီးပွားရေးလုပ်ငန်းရှင် ဆရာဇင်ဖြိုးပိုင်၊ မန္တလေးမီဒီယာမှ CEO ဦးကျော်ဇေယျ (ခ) ကိုဂျစ်တို့ပါဝင်ပြီး ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း ဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

ဟောပြောပွဲများသို့ တက္ကသိုလ် ကျောင်းသားကျောင်းသူများ၊ နည်းပညာကောလိပ်၊ သူနာပြုသင်တန်းကျောင်း၊ Polytechnic University မှ ကျောင်းသား ကျောင်းသူများ၊ ဟောပြောပွဲကို စိတ်ဝင်စားကြသော လူငယ်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပရိသတ်များ ခန်းမအပြည့်တက်ရောက်ကြပြီး သိရှိလိုသည်များကိုလည်း ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

အသိပညာပေးဟောပြောပွဲကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက ဦးစီးပြီး အစစအရာရာ အဆင်ပြေချောမွေ့စေရန် ကူညီဆောင်ရွက်ပေးပါသည်။ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခနှင့် ဆရာဆရာမများက လှိုက်လှဲစွာကူညီဆောင်ရွက်ပေးကြပါသည်။ ဆရာကောင်းသန့်တို့အဖွဲ့က ထားဝယ်တက္ကသိုလ်တွင် ဟောပြောခဲ့ပြီး မြို့ခံတိုင်းရင်းသားလုပ်ငန်းရှင်များကို ဆရာဇင်ဖြိုးပိုင်ကဦးဆောင်ကာ အလုပ်အကိုင်၊ အခွင့်အလမ်းများ ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။

စာရေးသူသည် မြိတ်မြို့သို့ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကြိုတင်ရောက်ရှိပြီး ရောက်သည့်နေ့တွင် မြိတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကျွဲကူး)တွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများနှင့် ရူပဗေဒဘာသာသင်ကြားပေးသည့် ဆရာ ဆရာမများကို Grade-12 ရူပဗေဒဘာသာအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ပါသည်။ စာရေးသူက Grade -10, 11, 12 ရူပဗေဒသင်ရိုး စာအုပ်ရေးသားရာတွင် ပါဝင်ခဲ့သူဖြစ်သည့်အတွက် ပြဋ္ဌာန်းစာအုပ်ကို မည်သို့လေ့လာကျက်မှတ်သင့်ကြောင်းနှင့် ၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို အောင်မြင်စွာဖြေဆိုနိုင်ရန် ပြင်ဆင်ထားရမည့်အချက်များကို ဟောပြောခဲ့ပါသည်။ ဟောပြောပွဲအပြီးတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မေးမြန်းဆွေးနွေးသည်များကို ဖြေကြားပေးခဲ့ပါသည်။ ဟောပြောပွဲဖြစ်မြောက်ရန် စီစဉ်ပေးခဲ့သည့် ကျောင်းအုပ်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို ကျေးဇူးတင်ရပါသည်။

ဒီဇင်ဘာလ ၁၇ ရက်နေ့ နံနက်ခင်းတွင် တည်းခိုရာ အိမ်တော်ဖြူဟိုတယ်၌ နံနက်စာသုံးဆောင်ပြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးဆောင်ကာ မြိတ်တက္ကသိုလ်သို့ ကားများဖြင့် သွားရောက်ခဲ့ကြပါသည်။ မြိတ်တက္ကသိုလ် ပင်မအဆောင်ကြီးရှေ့တွင် ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်နှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြပါသည်။ ဧည့်ခန်းတွင် မြိတ်ရိုးရာအစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးကြပါသည်။

မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီး၌ နံနက် ၉ နာရီတွင် ဟောပြောပွဲစတင်ခဲ့ပါသည်။ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယနေ့ခေတ်လူငယ်များသည် အနာဂတ်ကာလအတွက် ခေါင်းဆောင်ကောင်းများဖြစ်ကြသလို ယနေ့ခေါင်းဆောင်များသည် တစ်ချိန်သောအခါက လူငယ်များဖြစ်ကြကြောင်း၊ လူငယ်ဘဝတွင် သုတ၊ ရသ အသိပညာ အတတ်ပညာ




ဆရာဇင်ဖြိုးပိုင် ဟောပြောဆွေးနွေးစဉ်။

များကို တတ်မြောက်ရန် လိုအပ်သလို ဗလငါးတန်နှင့် ပြည့်စုံအောင် ကြိုးစားထားရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ ပြည့်စုံသည့်ဂုဏ်အင်္ဂါများကို နိုင်ငံတော်အကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် မှန်ကန်စွာအသုံးချခြင်းဖြင့် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချရမည်ဖြစ်ကြောင်း ပြောကြားသွားပါသည် ။

**စီးပွားရေးနှင့် အောင်မြင်ရေးနည်းလမ်းများ ဟောပြော**

စာရေးသူက ဟောပြောပွဲဖြစ်မြောက်ရန် စီစဉ်ဆောင်ရွက်ခဲ့သည့် အကြောင်းအရာများ၊ မြန်မာနိုင်ငံမှ လူငယ်စီးပွားရေးလုပ်ငန်းရှင်နှစ်ဦးအကြောင်းနှင့် ၎င်းတို့ မည်သို့အောင်မြင်ရန် ကြိုးစားခဲ့ရသည်တို့ကိုဟောပြောပြီး စီးပွားရေးပညာရှင် ဦးဇင်ဖြိုးပိုင်က “I AM HERO NOT ZERO” (ကျွန်ုပ်သည် သုညမဟုတ် သူရဲကောင်းဖြစ်သည်”) ခေါင်းစဉ်ဖြင့် လူငယ်များအတွက် စီးပွားရေးနှင့် အောင်မြင်ရေးနည်းလမ်းများကို ဟောပြောခဲ့ပါသည်။

ဆရာသည် MESI College ကို ဖွင့်လှစ်ထားပြီး စက်မှုဇုန်များတွင် လိုအပ်သည့်အကြံဉာဏ်များ ပေးနေသူတစ်ဦးဖြစ်ပါသည်။ 3 – H, 3 – E for life leader အကြောင်းဟောပြောရာတွင် 1. Head (Education)၊ 2. Heart (Emotion)၊ 3. Hand (Experience) တို့နှင့်ပြည့်စုံအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ မိဘ၊ ဆရာသမား၊ ခေါင်းဆောင်ကောင်းများ၏ကျေးဇူးကိုသိတတ်ရန်နှင့် လုပ်သင့်သည့်အလုပ်၊ မလုပ်သင့်သည့်အလုပ်တို့ကို အသိပညာဖြင့် ခွဲခြားတတ်ရန်၊ လုပ်ရမည့်အလုပ်ကို Shall do မဟုတ်ဘဲ Must do လုပ်ကိုလုပ်ရမည်ဟု လည်းကောင်း၊ ကောင်းသောအလုပ်ကို စွဲမြဲစွာဖြင့် ယခုပင်စတင်လုပ်ဆောင်ရမည်ဖြစ်ကြောင်းကိုလည်းကောင်း ၎င်း၏အတွေ့အကြုံများဖြင့် နှိုင်းယှဉ်



ဆရာကောင်းသန့် ဟောပြောဆွေးနွေးစဉ်။

ကာ ဟောပြောသွားပါသည်။

**ထောင်ချောက်ကြီးသုံးခု**

ဆရာကောင်းသန့်က လူငယ်များအတွက် အသိပညာပေးစာများ၊ ဆောင်းပါးများကို ရေးသားနေသူဖြစ်သလို မီဒီယာများမှ မကြာခဏ ဟောပြောပို့ချနေသူတစ်ဦးဖြစ်ပါသည်။ ဆရာ၏ ဟောပြောပွဲခေါင်းစဉ်မှာ “ပညာလက်နက်ဖြင့် ဆင်းရဲတွင်းမှ ရုန်းထွက်စို့” ဖြစ်ပြီး ၎င်း၏ဟောပြောချက်တွင် လူငယ်များအတွက် အရေးကြီးသော ထောင်ချောက်ကြီးသုံးခုကို အဓိကထား ဟောပြောသွားပါသည်။ ထိုထောင်ချောက်ကြီးသုံးခုမှာ (၁) မူးယစ်ဆေးဝါးထောင်ချောက်၊ (၂) အချစ်ထောင်ချောက်၊ (၃) မသိခြင်းထောင်ချောက်တို့ ဖြစ်ကြောင်း၊ ယခုအချိန်တွင် ကမ္ဘာ့နိုင်ငံအနှံ့တွင် လူငယ်များအကြား မူးယစ်ဆေးဝါးသည် များစွာပျံ့နှံ့လျက်ရှိကြောင်း၊ တချို့နေရာများတွင် လွယ်ကူစွာပင် ဝယ်ယူရရှိနိုင်ပြီး လူငယ်များကို စွဲဆောင်နေသည့် အချိုရည်နှင့် ရောထားသော မူးယစ်ဆေးဝါး၊ ဆေးပြားများရှိနေကြောင်း၊ ၎င်းတို့ကို အပေါင်းအသင်းများနှင့် စမ်းသပ်သုံးစွဲကြည့်ရာမှ လမ်းမှားရောက်သွားကာ ဘဝဆုံးရှုံးသွားရသည့် လူငယ်များ၏ တကယ့်ဖြစ်ရပ်များကို ထည့်သွင်းကာ ပြောကြားသွားပါသည်။

အချစ်ထောင်ချောက်ဆို၍ အချစ်ကို ထောင်ချောက်နှင့်တွဲ၍ သုံးသဖြင့် တစ်မျိုးမထင်သင့်ကြောင်း၊ ယနေ့ခေတ်တွင် မီဒီယာထွန်းကားနေသောကြောင့် လူမှုမီဒီယာများမှတစ်ဆင့်၊ အပြောအဟောကောင်းသောသူများမှတစ်ဆင့် ဆွဲဆောင်မှုကြောင့် အမျိုးသမီးငယ်များ အချစ်ကိုယုံစားပြီး အချစ်နယ်ကျွံကာ ဘဝပျက်သွားပြီး လမ်းမှားရောက်သွားခြင်း၊ လူကုန်ကူးခံရခြင်းတို့ ကြုံတွေ့ရပုံတို့ကို ပြောကြားပါသည်။

မသိခြင်းထောင်ချောက်တွင် လူငယ်များအနေဖြင့် ပညာပြည့်စုံသော်လည်း ပြင်ပစာပေဗဟုသုတများ ဖတ်ရှုမှုအားနည်းသောကြောင့် အမှားအမှန် မခွဲခြားနိုင်ဘဲ လမ်းမှားကို ရောက်ရှိသွားနိုင်ကြောင်း၊ နောက်မှ “မသိ၍လုပ်မိခြင်း” ဆိုပြီး နောင်တရတတ်ကြောင်း၊ မသိခြင်းထောင်ချောက်မှလွတ်ရန် စာပေဗဟုသုတများကို ဆည်းပူးလေ့လာရန် လိုအပ်ကြောင်းနှင့် စာကြည့်တိုက်များသည် လူငယ်များအတွက် အဖော်ကောင်းများဖြစ်ကြောင်း ပြောကြားပါသည်။

ဟောပြောပွဲတွင်ပါဝင်သော မန္တလေးမီဒီယာမှ CEO ဦးကျော်ဇေယျ (ခ) ကိုဂျစ်က လူငယ်များနှင့်တွေ့ဆုံကာ ယနေ့မီဒီယာလောကအကြောင်း၊ လူငယ်များ အနုပညာအတွက် စိတ်ဝင်စားပါက မည်သို့ပါဝင်နိုင်ကြောင်းတို့ကို ပါဝင်ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲအပြီးတွင် တက်ရောက်ကြသူများက မေးခွန်းများမေးမြန်းခြင်းနှင့် ဟောပြောသူများက ပြန်လည်ဖြေကြားခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။ တက်ရောက်လာကြသူလူငယ်များက စိတ်ပါဝင်စားစွာ နားထောင်ကြပြီး ဆွေးနွေးမေးမြန်းကြသည်မှာ မွန်းတည့် ၁၂ နာရီကျော်မှပွဲကို အဆုံးသတ်ရပါသည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် “လူငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ” သည် လူငယ်များအပါအဝင် တက်ရောက်လာကြသူများအတွက် များစွာအကျိုးရှိသည့် ဟောပြောပွဲဖြစ်ခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီးမှ လူငယ်အသိပညာရှင် အတတ်ပညာရှင်များဖြင့် တနင်္သာရီတိုင်းဒေသကြီးမှသည် နိုင်ငံတော်အထိ ကောင်းကျိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေကြောင်းနှင့် အခြားသော ဒေသအသီးသီးတွင်လည်း အလားတူ အသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ပါက ကျင်းပပေးပြီး လူငယ်များအတွက် အသိပညာဗဟုသုတများရရှိအောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

- ❖ **ယနေ့ခေတ် လူငယ်များသည် အနာဂတ်ကာလအတွက် ခေါင်းဆောင်ကောင်းများဖြစ်ကြသလို ယနေ့ခေါင်းဆောင်များသည် တစ်ချိန်သောအခါက လူငယ်များဖြစ်**
- ❖ **လူငယ်ဘဝတွင် သုတ၊ ရသ အသိပညာအတတ်ပညာများကို တတ်မြောက်ရန်လိုအပ်သလို ဗလငါးတန်နှင့်ပြည့်စုံအောင် ကြိုးစားထားရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ပြည့်စုံသည့် ဂုဏ်အင်္ဂါများကို နိုင်ငံတော်အကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် မှန်ကန်စွာအသုံးချခြင်းဖြင့် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချရမည်**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပ





**ရန်ကုန် ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဂုဏ်ပြုတပ်ခွဲ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်ကြပြီး ဌာနဆိုင်ရာများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် အတူ နိုင်ငံတော်အလံအား အလေးပြုကြသည်။

နံနက် ၇ နာရီတွင် နိုင်ငံတော် အလံအလေးပြုခြင်း အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြပြီး ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကာ ဂုဏ်ပြုတပ်ဖွဲ့က သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားများသို့ ရန်ကုန် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီးတရား လွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **ကိုကိုဇော်-MNA**

# ပဲခူးမြို့၌ လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပ

**ပဲခူး ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအတွင်း၌ ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားလူမျိုးများ တက်ရောက်ကြသည်။ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကို အလံတိုင်ထိပ်သို့လွှင့်တင်ကာ အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၇)နှစ် မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား ဖတ်ကြား ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**







# ပုသိမ်မြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကျင်းပ

**ပုသိမ် ဇန်နဝါရီ ၄**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ က ဧရာဝတီတိုင်းဒေသကြီး ကျောက်တိုင်အားကစား ကွင်းတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့် တာဝန် ရှိသူများက နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြု ခြင်းတို့ဆောင်ရွက်ကြသည်။

ထို့နောက် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနား တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီး သော တပ်မတော်သားများအား အလေးပြုကာ ဂုဏ်ပြုတပ်ဖွဲ့က သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထားဝယ်မြို့၌ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့်သဝဏ်လွှာဖတ်ကြားပွဲ ကျင်းပ

**ထားဝယ် ဇန်နဝါရီ ၄**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ကျင်းပ သည်။

ဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်က နိုင်ငံတော်အလံကို တိုင်ထိပ်သို့ လွှင့်တင်ခဲ့ပြီး တက်ရောက်လာသောဧည့်သည် တော်များက နိုင်ငံတော်အလံအား အလေးပြုခဲ့ကြ သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် တက်ရောက်လာသောဧည့်သည် တော်များနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အလံကို အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့ တီးဝိုင်းက နိုင်ငံတော်သီချင်းကိုတီးမှုတ်၍ ကျဆုံးလေ ပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲအခမ်းအနားများ မြို့နယ်အသီးသီးတွင် ကျင်းပ



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ ကျင်းပစဉ်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ ကျင်းပစဉ်။

အေးမဥ္ဇူ(ပြန်/ဆက်)



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ တောဇရပ်ကွက်ရှိလွတ်လပ်ရေးကျောက်တိုင် ကွင်း၌ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက လယ်ဝေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။

ဝေကြည်(ပြန်/ဆက်)

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးရှေ့ တင်းနစ်အားကစားကွင်း၌ ကျင်းပစဉ်။

မြင့်ဦး



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် မြဝတီမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပစဉ်။

ဓာဖြူဝင်း(မြဝတီ)



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မွန်ပြည်နယ် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပစဉ်။

မွန်မလေး(ပြန်/ဆက်)





(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးရှေ့ကွင်းပြင်၌ ကျင်းပစဉ်။

လှလှထွေး(ပြန်/ဆက်)



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာ ဖတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပစဉ်။

ခရိုင်(ပြန်/ဆက်)



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မင်္ဂလာတောင်ညွန့် မြို့နယ် အထက်ပန်းဆိုးတန်းလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့၌ ကျင်းပစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## ကျွန်းလှမြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

ကျွန်းလှ ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

**အလေးပြုခြင်းဆောင်ရွက်**

ဦးစွာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဖြိုးသန့်စင်ထွန်းက ဖတ်ကြားခဲ့ကြောင်း သိရသည်။



မျိုးဝင်းညို(ကျွန်းလှ)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ အနော်ရထာခန်းမရှေ့ စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ စစ်သမီးများ တက်ရောက်ကြပြီး အခမ်းအနားတွင် နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးက (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို ကျင်းပပြီး အားကစားနည်းများအလိုက် ဆုရရှိသူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စခန်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။







အလားတူ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် ကျင်းပကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများ၊ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ကျင်းပကြသည်။

၎င်းပြင် တိုင်းစစ်ဌာနချုပ်များအလိုက် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို ကျင်းပပြီး အားကစားပြိုင်ပွဲများအလိုက် ဆုရရှိသူများအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများ ပြုလုပ်



(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မန္တလေးနန်းမြို့ရှိ ရတနာပုံဥယျာဉ်တွင် လာရောက်လည်ပတ်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ယနေ့သည် မြန်မာတစ်မျိုးသားလုံး ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ရသော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်သည်နှင့်အညီ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားများ၊ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

၎င်းအပြင် တန်ခိုးကြီးဘုရားစေတီများ၊ ပန်းခြံများ၊ အများနှင့် သက်ဆိုင်သောနေရာများ၌ ဘုရားဖူးမြော်သူများနှင့် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင် အခြားမြို့ကြီးများ၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုမီးအလှများ ထွန်းညှိခြင်းများ ဆောင်ရွက်ကြရာ လာရောက်ကြည့်ရှုသူ မိဘပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



တောင်ကြီးမြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပစဉ်။



(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန်သို့ လာရောက်လည်ပတ်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# တပ်ကုန်းမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် လယ်ယာမြေပေါ် တင်ကျန်ရစ်ခဲ့သည့် သစ်တို၊ သစ်စများ ဖယ်ရှား



**တပ်ကုန်း ဇန်နဝါရီ ၄**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် လယ်ယာမြေများပေါ် တင်ကျန်ရစ်ခဲ့သည့် သစ်တို၊ သစ်စများအား မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် သစ်ထုတ်လုပ်ရေးစခန်းမှ ဖယ်ရှားဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်းတို့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးမျိုးနိုင်ဦးတို့က စက်ယန္တရားများဖြင့် ဖယ်ရှားဆောင်ရွက်ပြီးစီးမှုနှင့် ကျန်ရှိသည့်ဧကများ ဆက်လက်ဆောင်ရွက်ရမည့်အစီအမံများ ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်းတို့က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်အားကစားကွင်း၌ ကျင်းပသည့် အပြေး၊ အိတ်စွပ်၊ အာလူးကောက်နှင့် အားကစားမျိုးစုံပြိုင်ပွဲ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲ တတိယလုပွဲစဉ်ကို ကြည့်ရှုအားပေးခဲ့ပြီး ဗိုလ်မင်းရောင်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ကျင်းပသည့် အလှခတ်ခြင်းဝိုင်းပြိုင်ပွဲအား ကြည့်ရှုအားပေး၍ ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဇမ္ဗူသီရိမြို့နယ်၌ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများ ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ရာဇသင်္ဂဟလမ်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အရောင်းဆိုင်အမှတ် (၀၅၃၄) စက်သုံးဆီအရောင်းဆိုင်တွင် ယမန်နေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင် ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်က မီးငြိမ်းသတ်ခြင်းစနစ်များ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများကို အသိပညာပေး ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရိုးရိုးမီး၊ ဆီမီး၊ Gas မီးလောင်မှုများကို လက်တွေ့ငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်ဖြင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟိန်းသူအောင် (ပြန်/ဆက်)

# ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**ရွှေပြည်သာ ဇန်နဝါရီ ၄**



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကိုယမန်နေ့ နံနက်၉ နာရီက ရွှေပြည်သာမြို့နယ် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲ၊ မှန်းစားပြိုင်ပွဲနှင့် အင်္ကျီဝတ်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲနှင့် အိတ်စွပ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

မြင့်ဦး

# ဟသ်ာတမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဟသ်ာတ ဇန်နဝါရီ ၄**

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၃ ရက် နံနက်စနာရီက ပဒေသာဈေးကြီးနှင့် ဌေးဝင်းဈေးအတွင်းနှင့် လူစည်ကားရာ လမ်းမကြီးတို့၌ ဆောင်ရွက်ခဲ့ကြသည်။



ယင်းသို့ ဆောင်ရွက်ရာတွင် ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဥက္ကာနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင် ၆၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုဇော်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၈၅ | ၃၁၀၀ | ၃၀၆၅ | ၃၀၀၀ | ၃၁၀၅ | ၃၁၂၀ | ၃၁၃၅ | ၃၀၅၅ | ၄၅၀၅ | ၃၃၅၀ | ၃၀၇၅ | ၃၀၇၅ | ၃၁၄၅ | ၃၁၁၀ | ၃၁၃၀ | ၃၃၉၀ | ၃၉၀၀ |
| 95 Ron | ၃၀၉၅ | ၃၂၀၅ | ၃၁၇၅ | ၃၁၀၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | ၄၅၆၀ | ၃၄၅၅ | ၃၁၈၀ | ၃၁၈၅ | ၃၂၅၀ | ၃၂၁၅ | ၃၂၄၀ | ၃၄၉၅ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၈၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ | ၃၉၀၀ |
| HSD (50 ppm) | ၃၂၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | ၄၈၃၀ | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |
| HSD (10 ppm) | ၃၂၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | - | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၆ | ၂၉၀၆ |
| 95 Ron | ၂၉၂၀ | ၃၀၁၂ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၄၆ | ၃၁၃၇ |
| HSD (10 ppm) | ၃၀၄၆ | ၃၁၃၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကြံခင်းမြို့၌ စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပ

**ကြံခင်း ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သင်တန်းဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူးဒေါက်တာဝင်းနိုင်က စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဆုရရှိသောစံပြမိခင်လေးဦး မွေးစမှ(၆)လအထိ လေးဦး၊ (၆)လမှ (၁)နှစ်အထိ လေးဦးနှင့် (၁)နှစ်မှ (၂)နှစ်အထိ လေးဦးအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၆၈၆၄၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၃ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် စက်မှုဇုန်အကွက်အမှတ် (၆၂၊ ၆၃)၊ စက်မှုလမ်းသွယ်ရှိ ဂိုဒေါင်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကချင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးမြို့နယ်၌ လိုင်စင်မဲ့ Honda Click 125 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မုံရွာမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၉၈၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Toyoace Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စဉ့်ကိုင်ကတ္တားဂိတ်အကျော်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၉၈၈၇၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan UD Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၆၆/၆) တံခွန်တိုင်အဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၀၀၄၉၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း Denko ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၃၂၂၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၆၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၉၅၆၂၆၂၂) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ မြို့ရှောင်လမ်းအနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၀၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck နှစ်စီးနှင့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၄၀၈၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၃၅၈၇၀၄၂)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## MFF ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) ဇန်နဝါရီ ၅၊ ၆ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲနှင့် လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၃) ကို ဇန်နဝါရီ ၅၊ ၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး YRG အသင်းနှင့် Generations အသင်း၊ SGF အသင်းနှင့် MIU အသင်း၊ MH Dream Team အသင်းနှင့် VUC အသင်း၊ M2K အသင်းနှင့် ဖူဆယ်ချစ်သူအသင်း၊ YCDC Marga အသင်းနှင့် Winner Soccer အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၃) ကို ဇန်နဝါရီ ၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး 7 Dragon အသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ TG United အသင်းနှင့် 7 Brother အသင်း၊ Pacific Sun Far အသင်းနှင့် Gold Dream အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် JZ Yangon အသင်း၊ Black Cross အသင်းနှင့် YCDC Marga Youth အသင်း၊ KKY အသင်းနှင့် Maryar အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့မဈေး RC နှစ်ထပ် ဈေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက မြို့မဈေးမုခ်ဦး၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဈေးရုံသစ်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁-၂၀၂၅ တနင်္ဂနွေနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၁၅ 'စိတ်အပန်းပြေစေဖို့ နေပြည်တော်ကိုလာလည်ကြို့'
၀၉:၁၀ ကာတွန်းအစီအစဉ် **'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း'** (အပိုင်း-၂၂)
၀၉:၃၀ သတင်းသမားပြောတဲ့သတင်းစကား
၀၉:၅၀ 'သံစဉ်ချိုကြည် ငွေတောင်ပြည်' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၂:၃၀ This Week's Special Interest
၁၃:၀၀ အသိပညာနှင့်အမှန်တရား
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် **'၃နှစ်စဉ်အလွမ်း'**
၁၆:၅၀ Sports Diary
၁၇:၀၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၄၀ လေ့လာစရာစုံလင် အဖိမြန်ပြည်တစ်ခွင် "ယဉ်ကျေးမှုနှင့် သမိုင်းတို့ရှိရာ"
၁၈:၁၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ဖိလစ်ပိုင်) "ဆုတောင်းပြည့်ကြယ်တာရာစတားလာ" (အပိုင်း-၄၆)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'အဆင့်ဆင့်တက်လှမ်းခဲ့သောအနုပညာခရီးစဉ် (ငှက်ပျောကြော်) (အပိုင်း-၂)
၂၁:၃၀ ဆေးရောင်စုံရုပ်ရှင် "ချစ်နှင်းဝေဝေ"

### mitv

07:01 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
07:09 Myanmar Masterclass: Artist Phyu Soe Myint Kyaw
07:23 Smart Village in Hopong: Kyauk Tan
07:34 Sayit-Wyne Girls
08:01 News
08:28 Myanmar's Bamboo Hat
08:41 Exploring Hainan; Travel and Culture
09:01 Shining Star (Ep-1)
09:29 Myanmar Puppeteers (Duet Dance)
09:40 Today Myanmar: Flavors of Sri Lanka
09:51 Lisu Village Resort
10:01 News
10:28 Topics Potpourri; From Champagne to Kent The Rise of English Sparkling Wine
10:36 Perspectives; Cost of having no standards

### MRTV NRC

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ပျားမွေးမြူရေး
**ဝကေကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ဂန္ထဝင်ဆန်တဲ့အချစ် (အပိုင်း-၁)
**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
တိုင်းရင်းသားကျေးရွာက ကရင့်ရိုးရာအိမ်ကလေးသို့
**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
မြေအိုး (အပင်အကြောင်း)
**ချင်း (လိုင်ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)**
တီဘီရောဂါအကြောင်း သိကောင်းစရာ
**ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ဆောင်းရာသီရဲ့သဘာဝပန်းအလှများ
**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၈)
**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
ပြုံးပဒေသာ (စောလှချေနှင့်မောင်သာလှ)
**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ထူးဆန်းဖွေရှာ ရှမ်းဓလေ့ရိုးရာ (စံကားမြို့ပြောင်း)
**'ဝ' (၁၃:၀၀ မှ ၁၅:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၁)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **လောဘနှင့်ဒေါသ**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (**စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများအကြောင်း**)
၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၆၈)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီသို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၃၅ A day in the LIFE as a FULL TIME farming & Vlogging Family
၁၉:၂၀ How Texas Farmers Use 127 Million Acres Of Farmland
၁၉:၄၅ International Music Hits Slow Rock
၂၀:၀၀ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် (ဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Sports Diary
၀၇:၄၅ Weekend News
၁၇:၀၀ အားကစားသတင်း
၂၁:၀၀ တိုင်းဒေသကြီးနှင့်ပြည်နယ်ကာယဗလပြိုင်ပွဲ (Replay)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား လုပ်ကြံပစ်ခတ်သူ အကြမ်းဖက်သမား တရားခံအမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား လုပ်ကြံပစ်ခတ်သူ အကြမ်းဖက်သမားများဖြစ်ကြသည့် (ဝဲမှယာ) တရားခံ မျိုးမြင့်(ခ)ချြူးလေး(ခ)ဂျိမ်း၊ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေးတို့အား ကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**အကြမ်းဖက်မှုဖောက်ခွဲမှုပြုလုပ်ရန် စေခိုင်းသူ၊ လက်နက်၊ ခဲယမ်းများသိမ်းဆည်းပေး၍ ငွေကြေးထောက်ပံ့ပေးသူနှင့် လက်နက်၊ ခဲယမ်းများသယ်ယူပို့ဆောင်ထောက်ပံ့ပေးသူများ**



(ဝဲမှယာ) တရားခံ ရန်နောင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့် (ခ)လရောင်၊ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ အောင်နိုင်ဝင်း(ခ)ကိုဖြိုး၊ မိုးစက်အောင်(ခ)ကိတ်ကိတ်(ခ)တရုတ်လေး၊ ဇေရဲမိုးနိုင်(ခ) သီရိ(ခ)ဘေဘေ။

**နေပြည်တော် ဇန်နဝါရီ ၄**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေရန်၊ အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ဓားပြတိုက်၊ လုယက်ခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အောင်ဆန်းဈေးရှေ့ရှိ လမ်းဘေးအသုပ်ဆိုင်၌ ထိုင်နေသည့် အဆိုပါရပ်ကွက်နေ ရာအိမ်မှူးဖြစ်သူ ဦးဇော်မင်းထွန်း (၅၂)နှစ်အား သေနတ်ဖြင့် လုပ်ကြံပစ်ခတ်ခြင်း၊ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၉) ရပ်ကွက် မကွေးလမ်းနှင့် ရွှေဝတ်မှုံလမ်းဆုံ၌ အမှတ်(၁၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးတင်ဇော်ဦးနှင့် ဇနီးတို့အား ပစ်ခတ်သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လည်းကောင်း၊ ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ် ကျွန်းတော (အလယ်)ရပ်ကွက် ဖျာပုံလမ်း အိမ်အမှတ်(၃၁) ပန်းလှိုင်မိသားစု ဆေးခန်းရှေ့ရှိ Generator မီးစက်အသေး နှစ်လုံးအနီး၌ မိုင်းထောင် ဖောက်ခွဲမှုကြောင့် အပြစ်မဲ့ပြည်သူများ၏ ယာဉ်ခြောက်စီးနှင့် နေအိမ်သုံးမီးစက် နှစ်လုံး၊ စီးပွားရေးလုပ်ငန်းအသုံးပြုသည့် ဆိုင်းဘုတ်များ ပျက်စီးဆုံးရှုံးခဲ့ရသည့်ဖြစ်စဥ်များ ဖြစ်ပွားခဲ့သည်။

ဖော်ပြပါ ပြစ်မှုများကို ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေးအတွက် လုံခြုံရေးပူးပေါင်းအဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ပြစ်မှုကျူးလွန်သူ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ) ရှိုင်းဝဏ္ဏ(ခ) အောင်ဇေယျ(၂၈) နှစ် (ဘ)ဦးစိန်ဝင်း အမှတ်(၁/က) စစ်ကိုင်းလမ်း အမှတ်(၉)ရပ်ကွက် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်နေသူအား လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၉) ရပ်ကွက် စစ်ကိုင်းလမ်း၌ လည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၃ နာရီခွဲတွင် ပူးပေါင်းကျူးလွန်သူများဖြစ်ကြသည့် တင်ဝင်းလှိုင်(ခ) အငယ်လေး (၃၆)နှစ် (ဘ)ဦးသန်းမြင့် အမှတ်(၂၇/ခ) စစ်ကိုင်းလမ်း အမှတ်(၁၀)ရပ်ကွက် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်နေသူအား နေအိမ်၌လည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် တရားခံ မျိုးမြင့်(ခ)ချြူးလေး(ခ) ဂျိမ်း(၄၀)နှစ် (ဘ)ဦးတင်ထွန်း "ပဒေသာဦး"အဆောင် နတ်မောက်လမ်း အမှတ်(၉)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူတို့နှစ်ဦးအား မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီး Toyota Terminal M Shopping Mall အနီးတွင် ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်မှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ သယ်ယူထောက်ပံ့ပို့ဆောင်သူများဖြစ်ကြသည့် အမှတ်(၁၀၈) ဝိဇ္ဇာ (၃)လမ်း (၅)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ မိုးစက်အောင်(ခ) ကိတ်ကိတ်(ခ)တရုတ်လေး (၂၄) နှစ် (ဘ)ဦးသန့်ဇင်လင်းနှင့် အောင်နိုင်ဝင်း(ခ)ကိုဖြိုး (၂၃)နှစ် (ဘ)ဦးမြင့်ရွှေတို့ နှစ်ဦးအား မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်း ပိတောက်(၃)လမ်း ၅ လမ်းနှင့် ၆ လမ်းကြား အမှတ်(၂၁၆) ဂိုဒေါင်တွင် ဖမ်းဆီးရမိခဲ့သည်။

ဆက်လက် စစ်ဆေးပေါ်ပေါက် အငယ်လေးက စတစ်ကာအနက်ရောင်ကပ်ကာ ရုပ်ဖျက်ပြင်ဆင်ပေးခဲ့ကြောင်း၊ ဖောက်ခွဲမည့်နေရာသို့ ကိုထွန်း(ဖမ်းမမိ)က ယာဉ်အား မောင်းနှင်ပို့ဆောင်၍ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ၊ မင်းစံ(ခ)မျိုးဦး(ဖမ်းမမိ)နှင့် မျိုးမြင့်(ခ)ချြူးလေး(ခ)ဂျိမ်းတို့က လက်လုပ်ဗုံးများအား ချထားခဲ့ကာ မသက်(စိစစ်ဆဲ)က အဝေးထိန်းစနစ်အသုံးပြု ဖောက်ခွဲခဲ့ခြင်း ဖြစ်ကြောင်း၊ ဖောက်ခွဲရာတွင် အသုံးပြုသည့် ဖောက်ခွဲရေး ပစ္စည်းများအား ရန်နောင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့်(ခ) လရောင်၊ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ မိုးစက်အောင်(ခ)ကိတ်ကိတ် (ခ)တရုတ်လေး၊ အောင်နိုင်ဝင်း(ခ)ကိုဖြိုး၊ ဇေရဲမိုးနိုင်(ခ)သီရိ(ခ)ဘေဘေတို့ ငါးဦးက ကြိုတင်စီစဥ်ချိတ်ဆက်ပို့ဆောင်ပေးခဲ့ခြင်း လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်နေသူအား အမှတ်(၉) ရပ်ကွက် ဆင်ဖြူရှင်လမ်းပေါ်ရှိ ၎င်းဖွင့်လှစ်ထားသည့် ကွမ်းယာဆိုင်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို (ခ)ငှက်ကလေး(ခ) ရှိုင်းဝဏ္ဏ(ခ) အောင်ဇေယျအပါအဝင် သုံးဦးတို့၏ထွက်ဆိုချက်များအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ ရက် ည ၁၀ နာရီခွဲတွင် မိုင်းထောင်ဖောက်ခွဲရန်စေခိုင်းသူ ရန်နိုင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့်(ခ) လရောင်(၃၇)နှစ်(ဘ)ဦးခိုင်ဝင်း အမှတ်(၇) ဘုရင့်နောင်လမ်း ဆရာစံ(မြောက်/ရှေ့) ရပ်ကွက်နေသူနှင့် အကြမ်းဖက်သမားများအား နေအိမ်စီစဉ်ပေးခြင်း၊ လက်နက်၊ ခဲယမ်း သိမ်းဆည်းပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးသူ ထွန်းနိုင်စိုး (ခ)ဘီးကျဲ (၄၂)နှစ် (ဘ)ဦးစိုးဝင်း အမှတ်(၁၃၇/က) နန္ဒသူရိန်လမ်း (၁၄)ရပ်ကွက် ရွှေပေါက်ကံမြို့သစ်ချက်အရ ဇန်နဝါရီ ၄ ရက် နံနက် ၁ နာရီ မိနစ် ၅၀ တွင် ဇေရဲမိုးနိုင် (ခ)သီရိ(ခ)ဘေဘေ (၂၀)နှစ် (ဘ) ဦးသန့်ဇင်လင်း အမှတ်(၁၀၈) ဝိဇ္ဇာ(၃)လမ်း (၅)ရပ်ကွက် မရမ်းကုန်းမြို့နယ် နေသူအား ၎င်း၏နေအိမ်တွင် ထပ်မံဖမ်းဆီး ရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများဖြစ်ကြသည့် ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ) အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေးနှင့် မျိုးမြင့်(ခ)ချြူးလေး(ခ)ဂျိမ်းတို့ သုံးဦး၏ ထွက်ဆိုချက်များအရ ၎င်းတို့ သုံးဦးသည် မင်းစံ(ခ)မျိုးဦး (ဖမ်းမမိ)နှင့် ပဲခူးမြို့နေ ကိုထွန်း (ဖမ်းမမိ)တို့ နှစ်ဦးနှင့်အတူ ရန်နောင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့် (ခ)လရောင်နှင့် မသက်(ဖမ်းမမိ) တို့၏ စီစဉ်စေခိုင်းမှုဖြင့် မိုင်းထောင်ဖောက်ခွဲမှု ကျူးလွန်ခဲ့ကြကြောင်း ပေါ်ပေါက်ပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် YGN–30 9F–8369 Honda Fit ယာဉ်အား တရားခံ တင်ဝင်းလှိုင်(ခ) ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် YGN–30 9F–8369 Honda Fit အမျိုးအစား ခဲရောင်ယာဉ်အား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ဝင်းခန့်ကိုကို (ခ)ငှက်ကလေး(ခ) ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျသည် ကိုစွဲ(ဖမ်းမမိ)၊ မစု(ဖမ်းမမိ)၊ ဆန္ဒ(ဖမ်းမမိ)နှင့် ဒဿ(ဖမ်းမမိ) တို့ လေးဦးနှင့်အတူ ယာဉ်ဖြင့် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အောင်ဆန်းဈေးရှေ့ရှိ လမ်းဘေး အသုပ်ဆိုင်အနီးသို့ သွားရောက်ကာ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး (ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျက အသုပ်ဆိုင်တွင် ထိုင်နေသည့် ရာအိမ်မှူး ဦးဇော်မင်းထွန်း(၅၂) နှစ်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင်လည်း တရားခံ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ) ရှိုင်းဝဏ္ဏ(ခ) အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ) အငယ်လေးနှင့် မျိုးမြင့်(ခ) ချြူးလေး(ခ)ဂျိမ်းတို့သည် မသက်(ဖမ်းမမိ)၊ ဆန္ဒ(ဖမ်းမမိ)၊ ဒဿ (ဖမ်းမမိ)တို့နှင့် ပူးပေါင်း၍ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၉)ရပ်ကွက် မကွေးလမ်းနှင့် ရွှေဝတ်မှုံလမ်းဆုံ၌ အမှတ်(၁၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ဇော်ဦးနှင့် ဇနီးတို့အား ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ နေအိမ်မှ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် Sigsauer အမျိုးအစားအနက်ရောင် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ 9 mm Luger ကျည် ၁၅ တောင့်၊ Golock အမျိုးအစား အနက်ရောင် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ 9 mm ပွိုင့် ၃၈၀ ကျည် ၁၅၃ တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် နံပါတ်အတုတပ်ဆင် အသုံးပြုသော Toyota Fielder အမျိုးအစားအဖြူရောင် ယာဉ်တစ်စီးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်စစ်ဆေးပေါ်ပေါက်ချက်အရ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ၏ဇနီး မသင်းပွင့်စံ(ဖမ်းမမိ)နေထိုင်သည့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၆) ရပ်ကွက် အောင်သိဒ္ဓိလမ်း "မိဘဂုဏ်ရည်" အဆောင် အခန်းအမှတ်(၃)သို့ ဆက်လက်ရှာဖွေခဲ့ရာ အခန်းအတွင်းရှိ အိပ်ရာအနီးမှ CZ 75D A 134321 စာတန်းပါ အနက်ရောင် ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ 9 mm Luger ကျည်ငါးတောင့်၊ Thai Arms ကျည်လေးတောင့်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

**စာမျက်နှာ ၂၆ သို့** ◆

◆ စာမျက်နှာ ၂၅ မှ

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို (ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ) အောင်ဇေယျ၏ ထွက်ဆိုချက် အရ ၎င်းတို့ အကြမ်းဖက်အဖွဲ့ဝင် ဖြစ်သည့် မင်းစံ(ခ)မျိုးဦး(ဖမ်းမမိ) နေထိုင်သည့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၉) ရပ်ကွက် ချောင်းဦးလမ်း အမှတ် (၃၃၃/က)နေအိမ်မှ အနက်ရောင် ၇၉ ဗုံးပစ်လောင်ချာ နှစ်လက်၊ အနက်ရောင် M 16 မောင်းပြန် ရိုင်ဖယ်သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၄၀ မမကျည် ငါးတောင့်၊ လက်လုပ်ဗုံးပြုလုပ်ရာ တွင် အသုံးပြုသည့် ဆားကစ်ပြား အခု ၅၀၀၊ နီ/နက်အရောင် အဖွင့် အပိတ် ခလုတ် အခု ၁၀၀၊ Panasonic စာတန်းပါ ဓာတ်ခဲခြောက် ၁၀ လုံးစီပါ စက္ကူဖာ ၃၀၊ PVC စာတန်းပါ ဝိုင်ယာကြိုးခွေ ငါးခွေ၊ ဝိုင်ယာကြိုးပါ ဓာတ်ခဲခြောက်နှင့် တွဲသည့် ကတ်သီး အခု ၃၀၀၊ ဒီတိုနေတာ အချောင်း ၂၀၊ ယမ်းကြိုးခွေ တစ်ခွေ၊ မီတာထောက်ကိရိယာ နှစ်ခု၊ ကော်အရည်ဖျော် Gun တစ်ခု၊ Remote မျိုးစုံ သုံးခု၊ အပြာရောင် PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံး တစ်လုံး၊ Keypad ဖုန်း နှစ်လုံး၊ ဓာတ်ခဲအားသွင်းစက် တစ်ခု၊ ဘက်ထရီ စက်ဘီးအားသွင်းကြိုး တစ်စုံ၊ သံပိုက်ဖြင့် ပြုလုပ်ထားသာ လက်လုပ်ဗုံး နှစ်လုံး၊ လက်လုပ်ဗုံး ပြုလုပ်ရာတွင် အသုံးပြုသည့် သံတိုသံစ တစ်ဖာ၊ မီးတိပ်မျိုးစုံ ၁၇ ခွေ၊ 9 mm Thai Arms ပစ္စတိုကျည် ၉၆ တောင့်၊ 380 Auto USA –A ပစ္စတိုကျည် ၄၈ တောင့်၊ 380 Auto Thai Arms ပစ္စတိုကျည် ၁၃ တောင့်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှု ကျူးလွန်ခဲ့ကြသည့် ဖမ်းဆီးရမိတရားခံ ထွန်းနိုင်စိုး(ခ) ဘီးကျဲ၊ မိုးစက်အောင်(ခ) ကိတ်ကိတ် (ခ) တရုတ်လေး၊ အောင်နိုင်ဝင်း(ခ) ကိုဖြိုးတို့ သုံးဦး၏ ထွက်ဆိုချက်အရ မင်္ဂလာဒုံ မြို့နယ် ဇေကမ္ဘာဝင်း ပိတောက် (၃)လမ်း ၅ လမ်းနှင့် ၆ လမ်းကြား၊ အမှတ်(၂၁၆) ဂိုဒေါင်အတွင်းသို့ ဝှက် သိမ်းဆည်းထားသော လက်လုပ်ရှော့တိုက်ဒုံးများ ပြုလုပ်ရာတွင် အသုံးပြုသည့်သတ္တုပိုက် ကိုးချောင်း၊ AB ကော်ဘူး ခြောက်ဘူး၊ သတ္တုဖင်ပိတ် ကိုးခု၊ သတ္တုပြား ကိုးခု၊ သတ္တုတုံး ကိုးတုံး၊ မိုလောင်းထားသည့် ထိပ်ဖူး ကိုးခု၊ ဝိုင်ယာကြိုးအနီခွေ တစ်ခွေနှင့် ဝါရှာကွင်း ၃၀ တို့ကိုလည်းကောင်း။

မိုးစက်အောင်(ခ)ကိတ်ကိတ် (ခ)တရုတ်လေး၊ ဗေရယ်မိုးနိုင်(ခ) သီရိ(ခ)ဘေဘေတို့ နှစ်ဦး၏ ထွက်ဆိုချက်အရ မရမ်းကုန်း မြို့နယ် (၅)ရပ်ကွက် ဝိဇ္ဇာ(၃)လမ်း အိမ်အမှတ်(၁၀၈)တွင် သို့ဝှက် သိမ်းဆည်းထားသော လက်လုပ် ရှော့တိုက်ဒုံးများပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းတုံးမျိုးစုံ ၃၆ တုံး၊ လက်လုပ်ရှော့တိုက်ဒုံး ဒလက်/အမြီး ၃၆ ခု၊ သတ္တု/သံ အဝိုင်းပြား ၁၈ ပြား၊ Receiver ၁၀ ခု၊ ရီမုတ် တစ်ခု၊ ဓာတ်ခဲ ရှစ်လုံး၊ လက်လုပ်ရှော့တိုက် ဒုံးထိပ်ဖူး စနက် ကိုးခု၊ လျှပ်စစ် ဒီတိုနေတာ နှစ်ချောင်း၊ ခလုတ် လေးခု၊ Audio ဂျက်ပင်ခေါင်း ငါးခု၊ လက်လုပ်မိုင်း သံကိုယ်ထည် ခြောက်ခု၊ လေးလက်မပိုက်အတွင်း သံမှိုများ ထည့်ထားသည့် လက်လုပ်မိုင်း ကိုယ်ထည် သုံးခု၊ Wifi နှင့် Camera တပ်ဆင်ထားသည့် Receiver တစ်ခုတို့ကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်း ဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်မှု နှင့် အကြမ်းဖက်လုပ်ကြံပစ်ခတ်မှု

သိမ်းဆည်းရမိသည့် ယာဉ်များ၊ လက်နက်ခဲယမ်းများနှင့်
လက်လုပ်ရှော့တိုက်ဒုံးများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ












များ ကျူးလွန်ခဲ့သူများဖြစ်ကြသည့် ရန်နောင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့် (ခ)လရောင်၊ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ မိုးစက်အောင်(ခ)ကိတ်ကိတ် (ခ) တရုတ်လေး၊ အောင်နိုင်ဝင်း(ခ) ကိုဖြိုး၊ ဗေရယ်မိုးနိုင်(ခ)သီရိ(ခ) ဘေဘေ၊ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး (ခ) ရှိုင်းဝဏ္ဏ (ခ) အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ) အငယ်လေးနှင့် မျိုးမြင့်(ခ)ချိုးလေး (ခ)ဂျိမ်းတို့ ရှစ်ဦးအား ပြစ်မှုများ ကျူးလွန်စဉ် အသုံးပြုခဲ့သည့် ယာဉ် နှစ်စီး၊ လက်နက်မျိုးစုံ ခြောက်လက်နှင့် ခဲယမ်းများ၊ အကြမ်းဖက် ဖောက်ခွဲမှုနှင့် လက်လုပ်ရှော့တိုက်ဒုံးများ ပြုလုပ်ရန် ပြင်ဆင်ထားသည့် ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများ အတိုင်း ထိရောက်စွာ အရေးယူ နိုင်ရေး ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကာ အကြမ်းဖက်မှု ပြုလုပ်နေသူများ အား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း ကာကွယ် တိုက်ဖျက်ကြရန်နှင့် ဖမ်းဆီးရန်ကျန် တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိ ရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာ များ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာ သို့လျှို့ဝှက်စွာသတင်းပေးတိုင်ကြား နိုင်ပါကြောင်းနှင့် မြို့၊ ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေး အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက် နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထား သည်။

**သတင်းစဉ်**

### ❖ ဗလင်စီယာအသင်းမှ

ရီးယဲလ်မက်ဒရစ်အသင်းဟာ အိမ်ရှင် ဗလင်စီယာအသင်းရဲ့ ဦးဆောင်ဂိုးကို ပြန်လည်ချေပနိုင်ရေးအတွက် အကြိတ် အနယ်ယှဉ်ပြိုင်ကစားရင်း ဒုတိယပိုင်း ပွဲကစားချိန် ၇၉ မိနစ်မှာ တိုက်စစ်မှူး ဗီနီစီးယပ်ဂျူနီယာ တိုက်ရိုက်အနီကတ် ပြထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက် လျော့နဲ့ ကစားခဲ့ရပေမယ့် ၈၅ မိနစ်မှာ ကွင်းလယ်ကစားသမား မိုဒရစ်ရဲ့ သွင်းဂိုး နဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ဗလင်စီယာအသင်းကို သရေတစ်မှတ် ရရှိရေး ကြိုးစားယှဉ်ပြိုင်ရင်း သာမန် ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင် အချိန်ပို ခြောက်မိနစ်မှာ ပင်နယ်တီ လွဲချော်ခဲ့ရတဲ့ ဘယ်လင်ဂမ်က သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အမှတ်ပေးဇယားဒုတိယနေရာက အက်သလက်တီကိုမက်ဒရစ်အသင်းထက် တစ်ပွဲပိုကစားထားပြီးချိန်မှာ ရမှတ် ၄၃ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁)နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး ဗလင်စီယာအသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် စပိန်လာလီဂါ အမှတ်ပေးဇယားအဆင့် ၁၉ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဗလင်စီယာအသင်းကို အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့် ရရှိခဲ့ပြီဖြစ်တာကြောင့် စပိန်လာလီဂါ ဖလားကို (၃၇)ကြိမ်မြောက် ဆွတ်ခူးနိုင်ရေး မျှော်လင့်ထားတာဖြစ်ပါတယ်။

**ငွေကြယ်**

## ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၆၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၉၁ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၆၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၉၁ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက် ညနေ ၆ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာအနီးတွင် မိုင်းပျဉ်းမှ ကျိုင်းတုံသို့ စိုင်းခမ်းခုံး(ခ)အိုက်ခုံး (၄၁)နှစ် (ဘ)ဦးစိုင်းဆန်ဝုန်း၊ ကွန်ဟိန်းမြို့နယ်နေသူ မောင်းနှင်ပြီး ကြာဦး(၄၂)နှစ် (ဘ)ဦးဟန်သောင်း၊ ရပ်စောက်မြို့နယ်နေသူ လိုက်ပါလာသည့် HINO ၁၂ ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ငွေကျပ် ၁ ဒသမ ၃၆၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၂၆၀၊ အလေးချိန် ၉၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်း မြို့နယ်မှ မြန်မာ–ထိုင်းနယ်စပ် တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး



စိုင်းခမ်းခုံး(ခ)အိုက်ခုံးနှင့် ကြာဦး တို့နှစ်ဦးအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့မှ(၂၀၂၄–၂၀၂၅)ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲခူးမြို့နယ်၊ သာဂလကျေးရွာအနီး (ပဲခူးမြစ်) မြစ်ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတစ်ရပ်လုံး အိတ်ဖွင့် တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအားဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | – | (၆–၁–၂၀၂၅) မှ (၁၉ –၁–၂၀၂၅)အထိ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာနောက်ဆုံးထားတင်သွင်းရမည့်ရက် | – | (၂၁–၁–၂၀၂၅ )ရက် (၁၆:၃၀) နာရီ |
| တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်/အစီအစဉ် | – | (တင်ဒါဖွင့်လှစ်မည့် နေ့/ရက်အား ထပ်မံအကြောင်းကြားပါမည်။) |
| တင်ဒါအဆိုပြုလွှာရောင်းချမည့်နေရာ | – | ဗိုလ်အောင်ကျော်လမ်း၊ ရပ်ကွက်ကြီး(၆)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဒေသ(၃)၊ ပဲခူးမြို့ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | – | ဗိုလ်အောင်ကျော်လမ်း၊ ရပ်ကွက်ကြီး(၆)၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဒေသ(၃)၊ ပဲခူးမြို့ |

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့။ ဖုန်း–၀၉–၄၂၈၁၁၀၀၈၅ နှင့် ၀၉–၄၂၃၇၅၄၅၉၉ (သို့မဟုတ်) bagodwirdwir @gmail.com သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၄)ဖြင့် ချီးမြှင့်အပ်နှင်းသော ဘွဲ့တံဆိပ်များအနက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး(B.V.S)အား ဝဏ္ဏကျော်ထင်ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခံရသည့်အတွက် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီမှ လှိုက်လှိုက်လှဲလှဲဝမ်းမြောက် ဂုဏ်ယူအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ(၂၀၂၀-၂၀၂၅)**
**မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ**

## “မန်းရွှေစက်တော်ရာ ဘုရားပွဲတော်” တည်းခိုဆောင် လုပ်ငန်း(ဒုတိယအကြိမ်) တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ရာဘုရားကြီး၊ ဗုဒ္ဓပူဇနီယပွဲတော်အား (၂-၂-၂၀၂၅)ရက်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက်မှ (၁၇-၄-၂၀၂၅)ရက်၊ ၁၃၈၇ ခုနှစ်၊ နှစ်ဆန်း (၁)ရက်နေ့အထိ (၇၅)ရက်တိုင် ကျင်းပသွားမည်ဖြစ်ပါသည်။

တည်းခိုဆောင်လုပ်ငန်းလုပ်ကိုင်ခွင့်များကို (၃-၁-၂၀၂၅)ရက် နေ့တွင် လေလံတင်ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိသော တည်းခိုဆောင်လုပ်ငန်းများအား (ဒုတိယအကြိမ်) လေလံတင်ရောင်းချမည်ဖြစ်ပါ၍ တင်ဒါလျှောက်လွှာများကို (၄-၁-၂၀၂၅)ရက်မှ (၁၀-၁-၂၀၂၅)ရက်နေ့အထိ မင်းဘူးမြို့ ဂေါပကရုံးတွင် သတ်မှတ်ပုံစံဖြင့် ဝယ်ယူလျှောက်လွှာတင်သွင်းနိုင်ပါသည်။

ဒုတိယအကြိမ် တင်ဒါဖွင့်ပွဲကို (၁၁-၁-၂၀၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အခြားသိရှိလိုပါက မင်းဘူးမြို့ မန်းရွှေစက်တော်ရာဘုရားဂေါပကရုံးသို့ လာရောက်စုံစမ်းမေးမြန်းနိုင်ပြီး အောက်ပါဖုန်းနံပါတ်များတွင်လည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း- ၀၉-၄၄၁၁၀၂၇၀၄ ၊ ဖုန်း- ၀၉-၄၄၉၄၄၀၉၆၆**
**မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့**
**မင်းဘူးမြို့**

ဥတုရာသီ
တောကို
မီး၏

## ရန်ကုန်မြို့၊တာမွေမြို့နယ်၊ရန်ကုန်မြို့သစ်စီမံကိန်း၊ကွင်းအမှတ်(၀၃)အုပ်စုအမှတ်(RA-3)၊အကွက်အမှတ်(တ-၀၂)မြေကွက်အမှတ်(၀၃၀၀)၊ဧရိယာ(၄၇'၈''×၆၀')ရှိ၊ယာယီမြေပေးမိန့်တွင်ဦးအောင်ကျော်ဦး(၁၂/တတန(နိုင်)၁၅၀၉၈၄)အမည်ပေါက်မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်း

အထက်ပါမြေကွက်ကို ယာယီမြေပေးမိန့်တွင် တရားဝင်အမည်ပေါက်သူ-ဦးအောင်ကျော်ဦး ကအရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့်လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်အရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၇၃၄၇)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်းတွင် တည်ရှိသည့် ပါရမီကွန်ဒိုမီနီယမ်၊ အိမ်ရာ၊ တိုက်အမှတ် (F)၊ အခန်းအမှတ်(၂၀၈)၊ ဒုတိယထပ်၊ အကျယ်အဝန်း (၈၉၃)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးစုံအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့၊ မြို့ပြနှင့်အိမ်ရာဌာနရှိ အိမ်ရာဌာနခွဲတွင် ဦးမျိုးဟိန်းအောင် [၁၂/အစန (နိုင်)၀၉၀၄၉၆] အမည်ပေါက်မှတ်သားထားပါသည်။ ၎င်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားသူ ဒေါ်မေမြတ်မြတ်ခိုင် [၁၂/အစန(နိုင်)၁၈၆၁၈၄]မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်လက်ဝယ်ထားပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းကာ လွှဲပြောင်းရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံ ကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံသို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို တိုက်ခန်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင်(LL.B)**
**တရားလွှတ်တော်ရှေ့ (စဉ်- ၁၂၄၆၈)**
**အမှတ်- ၁၂၉၇/အေ၊ ဓာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၀၅၇၄၉၈**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ်( ၂/၂၀၂၄)ဖြင့် ချီးမြှင့်အပ်နှင်းသော ဘွဲ့တံဆိပ်များအနက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး (B.V.S)(ဥက္ကဋ္ဌ-မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း၊ ၂၀၁၀-၂၀၁၂)အား ဝဏ္ဏကျော်ထင်ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခံရသည့်အတွက် လှိုက်လှိုက်လှဲလှဲဝမ်းမြောက် ဂုဏ်ယူအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ(၂၀၂၄-၂၀၂၆)**
**မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း(ဗဟို)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ် (၄-အေ) ဟုခေါ်တွင်သော (၆)ထပ်တိုက်အဆောက်အဦ၏ ပထမထပ်၊ အကျယ်အဝန်း (၁၂.၆ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့်တကွ ရေမီးစုံအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေရှင်များဖြစ်ကြသော ဦးဝင်းနိုင်ဦး [၁၂/သဃက(နိုင်)၀၉၈၅၂၆]နှင့် ဒေါ်ခင်ခင်ဝေ [၁၂/တမန(နိုင်) ၀၁၄၈၇၉]တို့မှ ပိုင်ဆိုင်လက်ဝယ်ထားပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းကာ လွှဲပြောင်းရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံ ကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူများထံသို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို တိုက်ခန်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်- ၁၂၉၇/အေ၊ ဓာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၀၅၇၄၉၈**

## “ဒဂုံမြို့သစ်မြေကွက်များဝယ်လိုပါသည်”

ဒဂုံဆိပ်ကမ်း(၅၉၊ ၆၀၊ ၆၁၊ ၆၈၊ ၆၉၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၁၆၈)ရပ်ကွက် ၊ ဒဂုံအရှေ့ပိုင်း(၁၄၊ ၁၅၊ ၁၆၊ ၁၀၈၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၃၉၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း(၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၄)ရပ်ကွက်များရှိ မြေကွက်များအား ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူလိုပါသည်။

**ဆက်သွယ်ရန်- 09-798891857, 09-5134630**

## သွေးသည် အသက်

## ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၁၂-၂၀၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၈)ပါ ကန့်ကွက်နိုင်ပါကြောင်း တရားလွှတ်တော်ရှေ့နေ ဒေါ်မွန်မွန်ချို+၁ ကြော်ငြာတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၆)၊ မြေကွက်အမှတ်(၃၈၅/က)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၁၊ မြေကွက်အမှတ်- ၁၂/ဆ၊ အကျယ်အဝန်း (၈၅ ပေx ၅၈ ပေ)၊ (၄၉၇၂.၅) စတုရန်းပေ၊ ဧရိယာ (၀.၁၁၄)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၅၉၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ယာယီမြေသုံးခွင့်အမိန့်ဖြင့် ဒေါ်မေကြည် [၁၂/ပဘတ(နိုင်)၀၀၆၇၆၃] အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ရောင်းသူ အမည်ပေါက်ပိုင်ရှင်မှ မိမိသာလျှင် အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသည့် အဆိုပါမြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၃၀)ဟုခေါ်တွင်သော မြေပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ ၅ လွှာ(အခန်း ၅/B) (ခြေရင်းခန်း) (အလျားxအနံ) (၁၂ ၃/၂ 'x၅၀')ရှိ ရေမီးအစုံတိုက်ခန်းကို စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သော ဒေါ်ခင်မြင့် [၁၂/စခန(နိုင်)၀၃၃၅၀၉]၊ ဒေါ်မြသန်း [၁၂/စခန(နိုင်)၀၃၃၅၀၈]၊ ဒေါ်သန်းဝင်း [၁၂/စခန(နိုင်)၀၃၃၅၀၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများယူဆောင်၍ ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက ဖော်ပြပါတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ BA, HGP, RL**
**အထက်တန်းရှေ့နေ(စဉ်-၁၆၄၂၀)**
**တိုက် ၃၅၊ အခန်း(၅)၊ ဝေဠုဝန်အိမ်ရာ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၂၇၂၀၂၁၃**

## ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းသွယ်၊ မြေညီထပ်၊ အခန်း-၃၊ တိုက်အမှတ်-၁၀၀၊ အကျယ်အဝန်း(၁၃ x ၃၂)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဇနီးဖြစ်သူ ဒေါ်ခင်စု [၁၂/ပဇတ(နိုင်)၀၀၇၃၄၄] ကွယ်လွန်သဖြင့် ခင်ပွန်း ဦးမျိုးသန့် [၁၂/ပဇတ(နိုင်)၀၀၇၄၃၀]မှ အမွေဆက်ခံပိုင်ဆိုင်လာပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားဝင် လက်ဝယ်ပိုင်ဆိုင်ကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ရှေ့မှောက်တွင် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၈၇၈၂)**
**အမှတ်-၉၊ (၁၇၇)လမ်း၊ (က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၈၇၇၄၆၀**

## ထပ်တူဝမ်းနည်းကြေကွဲခြင်း

ဦးဗညားအောင်သူ-ဒေါ်ယုမြတ်ထွေး (Aspen Myanmar Co.,Ltd)တို့၏ မိခင်ကြီး ဗိုလ်ကြီး ဒေါ်စန်းညွန့် (ငြိမ်း) (ခ) ဒေါ်ရီပိန် (သထုံ)ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(Aspen Myanmar Co.,Ltd) ဝန်ထမ်းများ**

## ဆရာမ ဒေါ်သူဇာမွန်
**(မူပြ - အထက(၂) အောင်ဆန်းသူရိယ လှသောင်းကျောင်း)**
**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ(၄)ရပ်ကွက်နေ (ဦးတင်စော)-ဒေါ်မြင့်မူတို့၏ သမီး၊ ဦးဇဝန၏ ညီမ၊ ဒေါ်စောနီလာမွန်၊ ဦးအောင်ဇော်မိုး-ဒေါ်စန္ဒာမွန်၊ ဦးထွန်းထွန်းနိုင်-ဒေါ်မျိုးနန္ဒာမွန်၊ ဒေါ်ကေခိုင်မွန်တို့၏ အစ်မ၊ ကိုထွန်းတေဇာ- မဖြူစင်သန့်တို့၏ မိခင်၊ မဆုပန်ဆင့်၏ အဘွားသည် ၃-၁-၂၀၂၅(သောကြာနေ့) ညနေ ၆ : ၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်ကို ၅-၁-၂၀၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ (ဘီ-၁၁) လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်အမှတ်(၂၈)၊ အခန်းအမှတ်(၁၀၁)၊ (၅) ထပ်တိုက်၊ (၄)ခန်းတွဲဟု ခေါ်တွင်သည့် တိုက်ခန်းအမည်ပေါက် ဦးစိုးသီဟ [၇/ရတန(နိုင်) ၀၀၀၅၇၉] ကိုင်ဆောင်သူ ပိုင်ဆိုင်သည့် ဖော်ပြပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အဝက် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်မျိုးညွန့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၅၃၃/၁၃) (၁၀- ၈- ၂၀၁၃)**
**အမှတ်(၈၂၅)၊ အောင်သပြေအရှေ့(၉)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကျီစုအရှေ့ရွာ၊ ကြံခိုင်ရေးအမှတ်(၂)လမ်း၊ အမှတ်(၅၁)ဟုခေါ်တွင်သည့် အကျယ်အဝန်း(၇၀'x၈၀') ရှိသည့်အနက်မှ ခေါင်းရင်းဘက်ခြမ်းရှိ အကျယ်အဝန်း(၂၀'x၆၀')မြေကွက်အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျင်စီ[၁၂/လကန(နိုင်)၀၈၆၈၇၁]မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မင်းထွန်း[၁၃/မမတ(နိုင်)၀၂၉၀၀၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမို့မို့အောင်(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၃၉၀/၁၀)(၂၄-၉-၂၀၁၀)**
**တိုက်(၂၈၇)၊ အခန်း(၄)၊ ကျောင်းလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း-၀၉-၄၂၅၃၁၁၇၁၂၊ ၀၉-၄၄၇၆၅၈၇၀၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ မြေကွက်အမှတ်- ၂၄၈ ဟု ခေါ်တွင်သော အကွက်အမှတ်-၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်-၄၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ မြေကွက်အား သန်လျင်မြို့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဦးလှိုင်ရွှေ (SRM-၀၈၃၇၁၆)အမည်ဖြင့် ချထားပေးသော လ/န ၃၉ ရရှိပြီး၊ မြို့မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေ(၁) ထပ်အိမ်(၁)လုံးနှင့် ရေ၊ လျှပ်စစ်မီး မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပြောဆိုသူ **ဒေါ်မြင့်မြင့်ဝင်း [၁၂/သလန(နိုင်) ၀၉၁၉၇၅]**ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **ဒေါ်ဝေလွင်လွင်ထွန်း [၁၂/ဗဟန(နိုင်) ၀၇၇၅၅၅]+၄ဦး** တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အထက်ဖော်ပြပါ အိမ်နှင့်မြေ၏ တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ ( ၁၄ )ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များယူဆောင်၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၇၃)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

## ဒေါ်ရီရီအောင်(ခ)ဒေါ်ရီရီ
**ရေနံ/ဓာတု(တွဲ-အင်/ယာ-ငြိမ်း)**
**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ်(၂၃၁/၁၁)နေ [ဦးဝင်းစိန်(ဆောက်လုပ်ရေး၊ အင်/ယာ-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ (ကိုဇော်မျိုးထွန်း)-မခင်ခင်လင်းတို့၏ မွေးသမိခင်၊ မဆုလတ်ရတနာ(ခ)သဲသဲ၊ မောင်နန္ဒထွန်း(ခ)ရွှေဥတို့၏ အဘွားသည် ၁-၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့)နံနက် ၃:၄၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သာမြို့နယ်၊ ရေဝန်းကျေးရွာ၌ (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန် သွားရာ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂-၁-၂၀၂၅(ကြာသပတေးနေ့)တွင် ကောင်းမွန်စွာ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၇-၁-၂၀၂၅ (အင်္ဂါနေ့) နံနက်၇နာရီမှ ၁၂နာရီအထိ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ်(၂၃၁/၁၁)နေ ကွယ်လွန်သူ၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၊ ခနောင်တိုအရှေ့ရပ်ကွက်တွင် တည်ရှိသော မြေကွက်အမှတ်- ၄၄၆၊ အကျယ်အဝန်း-အလျား-၂၅ပေ x အနံ-၅၀ပေရှိ ဦးသိန်းဦးအမည်ပေါက် ပါမစ်မြေကွက်၊ မြေကွက်အမှတ်- ၄၅၀၊ အကျယ်အဝန်း-အလျား-၂၅ပေ x အနံ-၅၀ပေရှိ ဦးရဲထွဋ်အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်အမှတ်- ၄၉၇၊ အကျယ်အဝန်း- အလျား - ၂၅ပေ x အနံ-၅၀ပေရှိ ဦးတင်ရွှေ အမည်ပေါက် ပါမစ်မြေကွက် (၃) ကွက်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်သန္တာအောင် [၁၂/ရကန(နိုင်) ၀၆၆၉၁၁]** က အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူ လက်ရှိထားပိုင်ဆိုင်သည့် မြေကွက်များဖြစ်ကြောင်း အများသိစေအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်သန္တာအောင်**၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တခြားနည်း လွှဲပြောင်းခြင်းတို့မပြုလုပ်ပါရန်နှင့် ပြုလုပ်ကြောင်း စုံစမ်းသိရှိပါက ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ငွေးငွေးထွန်း (စဉ်-၃၈၂၀၃)** | **ဦးစိုးမင်းထိုက်(စဉ်- ၁၈၆၅၀)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်-၉/၁၁၊ အခန်းအမှတ်-၁၀၂/ဘီ (ပထမထပ်)၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-420177685၊ 09-254015290**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျောက္ကဒင်ကျေးရွာအုပ်စု၊ ကဒစ်ကျေးရွာ၊ Golden Land လမ်း၊ လမ်းမမေးတင် ကွင်းအမှတ်(၁၀၀၈)၊ ဝွေးကုန်းကွင်း၊ ဦးပိုင်အမှတ်(၂၅/၇၀)၊ နှင့် ဦးပိုင်အမှတ်(၂၅/၇၁)၊ ဦးထေဖိုးအမည်ဖြင့် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံ သီးနှံစိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုမိန့် ရရှိထားသော ဧရိယာ(၂.၈၈)ဧကအနက်မှ ဦးထွန်းအေး ဝယ်ယူထားသည့် ဧရိယာ(၁၂၀x၆၀)ပေ အနက်မှ (၄၀x၆၃)ပေအကျယ်အဝန်းရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးထွန်းအေး(ဘ)ဦးမြင့်ဆွေ[၁၂/လမန(နိုင်)၀၇၁၄၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၁)ဦးဇေယျာမင်း[၁၂/အစန(နိုင်)၂၈၇၉၁၀]နှင့် (၂)ဒေါ်ခင်ငြိမ်းစု[၁၂/အစန(နိုင်)၁၅၃၇၇၀]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇေယျာမင်း၊ ဒေါ်ခိုင်ငြိမ်းစုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၄)**
**အမှတ်(၁/ရ-၁၂၃)၊ (၁/ရ-၅ လမ်း)၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၄၂၀၃၀၆၈၇၊ ၀၉- ၇၉၅၄၈၅၄၃၈**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ မြေကွက်အမှတ်(၂၀၇)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစား၊ (၄၀ပေ x ၆၀ပေ)အကျယ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်(၄)လွှာ၊ လမ်းမဘက်သို့မျက်နှာမူလျှင် ညာဘက်ခြမ်း (ခြေရင်းဘက်ခြမ်း)၊ (၁၇ပေ x ၅၄ပေ) အကျယ်ရှိတိုက်ခန်းသည် မြေရှင်ဒေါ်သီရိ[၁၂/ဥကမ(နိုင်)၀၂၄၇၂] နှင့် ကန်ထရိုက်တာဦးညဏ်ဝေဖြိုး [၁၀/မလမ(နိုင်)၁၉၉၈၈၁]တို့ပြုလုပ်ချုပ်ဆိုထားသော (၂၂-၁၀-၂၀၂၄) ရက်စွဲပါ "(၂) ခန်း(၆)ထပ်(RC)အဆောက်အဦဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာနှင့် မြေရှင်တို့နှစ်ဦးနှစ်ဖက် လုပ်ငန်းသဘောတူကတိစာချုပ်" အရ ယခုရောင်းချသူဖြစ်သော ကန်ထရိုက်တာဖြစ်သူဦးညဏ်ဝေဖြိုး[၁၀/မလမ(နိုင်)၁၉၉၈၈၁]က အကျိုးခံစားခွင့်ရရှိထားသော တိုက်ခန်းဖြစ်ပြီး လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကိုပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ် ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရှုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၅၉၅)** |
| **LL.B, DBL, DIL, MA(Business Law)** | **LL.B** |
| **ဖုန်း-၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း (B-1 / B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/ထိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
**ဒေါ်ခင်သန်းနှင်း**
**(ဆောက်လုပ်ရေး-ငြိမ်း)**
**အသက်(၇၇)နှစ်**

မော်လမြိုင်မြို့နေ(ဦးစံနှင်း-ဒေါ်နှင်းစိန်)တို့၏ သမီး၊ ရန်ကုန်မြို့နေ(ဦးရွှေသိန်း-ဒေါ်ပွင့်စီ)တို့၏ သမီးချွေးမ၊ (ဦးမောင်မောင်ရွှေ)၏ ချစ်လှစွာသောဇနီး၊ (ဦးတင်အေး)၊ (ဦးတင်ဖေ)၊ (ဒေါ်ခင်ခင်လှ)၊ (ဦးတင်မြင့်)၊ (ဦးတင်ထွေး)တို့၏ညီမ၊ ဒေါ်တင်တင်မြ၊ ဦးခင်မောင်အေး၊ ဦးခင်မောင်လေးတို့၏ အစ်မ၊ ဦးဇော်ဇော်မောင် (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)၊ ဦးကျော်စွာမောင်(အမှတ်(၂)သတ္တုတွင်းလုပ်ငန်း)-ဒေါ်ညင်သာကြည်ထူး(ပြည်ထောင်စုဝန်ကြီးရုံး)၊ ဦးဝေမိုးငွေး-ဒေါ်နှင်းသီတာမောင်တို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းသန့်မွန်၊ မောင်သူရမောင်၊ မောင်လင်းသန့်မောင်တို့၏ အဘွား၊ ဒေါ်ခင်သန်းနှင်း အသက်(၇၇)နှစ်သည် ၃-၁-၂၀၂၅(သောကြာနေ့) မွန်းလွဲ ၁:၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၁- ၂၀၂၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် အိမ်အမှတ်(၃၈၆)၊ စွယ်တော်လမ်း၊ ရွှေနံ့သာရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်နေအိမ်တွင် ဝတ်ပြုကိုးကွယ်ပြီး နေပြည်တော် ကွေ့ကြီးခရစ်ယာန်သုသာန်၌ မွန်းလွဲ ၂ နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

"ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၃၉)ရပ်ကွက်၊မြေကွက်အမှတ်(၄၉၀)၊ ဧရိယာ(၀. ၀၅၅)ဧကရှိဦးကျော်ညွန့်အမည်ပေါက်ပါမစ်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်"နှင့်ပက်သက်၍ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါက ကန့်ကွက်နိုင်ပါကြောင်း"

အထက်ပါမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း နည်းလမ်းအရပ်ရပ်ဖြင့်လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပက်သက်၍အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ယခုဝယ်ယူသူမှလွဲ၍ မည်သူ့ကိုမျှကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်းဝန်ခံကတိပြု၍ ရောင်းချသူ <u>**ဒေါ်ခင်မာချို(၁၂/ဒဂမ(နိုင်)၀၄၂၀၇၁)**</u>ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေများကိုပေးချေထားပြီးဖြစ်သဖြင့်ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ပိုင်ဆိုင်ခွင့်ရှိသူက လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်း ဝယ်ယူသည့်ကိစ္စကို နှစ်ဘက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်အေးအေးကြူ၏** | **ဒေါ်သက်ထားဆွေ** LL.B ,D.I.L ,Dip inEng |
| **လွှဲအပ်ညွှန်ကြားချက်အရ -** | **အထက်တန်းရှေ့နေ (စဉ်-၅၂၈၉၉)** |
| | 09-972734996 |
| | **အမှတ်(၂၇/မြေညီ)၊မာလာမြိုင်(၇)လမ်း၊(၁၆)ရပ်ကွက်၊လှိုင်မြို့နယ်။** |

"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ပညာတန်ဆောင်(၁)လမ်း၊မြေကွက်အမှတ်(၁၆၇)၊ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်"နှင့်ပက်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါကကန့်ကွက်နိုင်ပါကြောင်း"

အထက်ပါမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း နည်းလမ်းအရပ်ရပ်ဖြင့်လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပက်သက်၍အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ယခုဝယ်ယူသူမှလွဲ၍ မည်သူ့ကိုမျှကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်းဝန်ခံကတိပြု၍ ရောင်းချသူ <u>**ဦးရဲမျိုး(၁၂/ဗဟန(နိုင်)၀၈၂၇၅၂)**</u>ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေများကိုပေးချေထားပြီးဖြစ်သဖြင့်ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ပိုင်ဆိုင်ခွင့်ရှိသူက လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဘက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

| | |
|---|---|
| **ဦးထင်အောင်ကို ၏** | **ဒေါ်သက်ထားဆွေ** LL.B ,D.I.L ,Dip inEng |
| **လွှဲအပ်ညွှန်ကြားချက်အရ -** | **အထက်တန်းရှေ့နေ (စဉ်-၅၂၈၉၉)** |
| | 09-972734996 |
| | **အမှတ်(၂၇/မြေညီ)၊မာလာမြိုင်(၇)လမ်း၊(၁၆)ရပ်ကွက်၊လှိုင်မြို့နယ်။** |

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ်(၁၁) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတွဲ (၆)ထပ်တိုက်၏ (၄)လွှာ၊ (၂၀ပေx ၄၀ပေ) အကျယ်ရှိတိုက်ခန်းသည် ကန်ထရိုက်က ဦးစိုးသန်း (KWA-၁၃၀၀၁၆)က အကျိုးခံစားခွင့်ရရှိထားသောတိုက်ခန်းဖြစ်ပြီး ယခုရောင်းချသူ ဒေါ်လှလှရွှေ [၁၁/သတန(နိုင်)၀၆၉၇၆၃]က ကန်ထရိုက်ထံမှ အဆက်ဆက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရှုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **LL.B, DBL, DIL, MA (Business Law)** | **LL.B (စဉ်-၅၀၅၉၅)** |
| **ဖုန်း-၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း (B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/ထိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

**ညအချိန် အိပ်နေချိန်တွင်**

**လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်**

**လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

မူး
ယစ်
ကို
ပစ်
ပန်း
တိုင်
သစ်
စိတ်
သစ်
လူ
သစ်
ဘဝ
သစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့် ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို...**

❖ **ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားကို (၁)ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး၊ (၂)နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းရေး၊ (၃)စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

## ဗလင်စီယာအသင်းကို အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့



ဗလင်စီယာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ဇန်နဝါရီ ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ဗလင်စီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဗလင်စီယာအသင်းက ပထမပိုင်းပွဲကစားချိန် ၂၇ မိနစ်မှာရရှိခဲ့တဲ့ ဒူရိုရဲ့သွင်းဂိုးနဲ့ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီးနောက် ပွဲကစားချိန် ၅၅ မိနစ်မှာ ဘယ်လင်ဂမ်ရဲ့သွင်းဂိုးလွဲချော်ခဲ့ရသလို ၅၉ မိနစ်မှာ အမ်ဘတ်ပီရဲ့သွင်းဂိုးကလည်း ဂိုးအဖြစ်သတ်မှတ်ခံခဲ့ရခြင်းမရှိခဲ့တာဖြစ်ပါတယ်။

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့** ❖

ဗလင်စီယာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

### ယနေ့ ဖတ်စရာ

**ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား လုပ်ကြံပစ်ခတ်သူ အကြမ်းဖက်သမား တရားခံ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၂၅